ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၊ (29-1-2012) (ဂုဝ၁၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နာဂဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး ဆန်းစစ်လေ့လာနိုင်ရန် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သည့်အဖွဲ့ ဖွဲ့စည်း၍ ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကွင်းဆင်းအသေးစိတ်လေ့လာ

နာဂဒေသအတွင်းရှိကျေးရွာများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်မှမည်သို့ပံ့ပိုးသွားရမည်ကို သိရှိစေရန်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၈

နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများပါဝင်သည့် အဖွဲ့သည် ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ ခရီးစဉ်အတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်ခဲ့ပြီး ဒေသလိုအပ်ချက်များအနက် လတ်တလောဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဆက်လက်ဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသဝမ်းစာဖူလုံရေး စသည့်ကိစ္စရပ်များကို ဖြည့်ဆည်းထောက်ပံ့နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစပ်မှ တမူးနယ်စပ်အထိ ရှည်လျားကျယ်ပြန့်သော ဒေသဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ ထိုဒေသသည် ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး အလွန်ကြမ်းတမ်းခက်ခဲပြီး အိမ်ခြေနည်းပါးသည့် ကျေးရွာများပြန့်ကျဲနေထိုင်ကြ၍ တစ်ဖက်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ခိုင်မာလာစေရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပင်လယ်ရေအောက်လိုဏ်ဂူများကို ဘဟားမားကျွန်းစု၌ ရှာဖွေတွေ့ရှိ

ဘာသာပြန် - ရောမောင်

ဝါရှင်တန် ဇန်နဝါရီ ၂၈

ဘဟားမားကျွန်းစု၌ ပင်လယ်ရေအောက်လိုဏ်ဂူများကို အမေရိကန်သိပ္ပံပညာရှင်များက မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာက ပင်လယ်သမုဒ္ဒရာများ မည်ကဲ့သို့ စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်ကို ယခုတွေ့ရှိချက်က အထောက်အကူပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက် သတင်းတွင် ဖော်ပြသည်။

ဘဟားမားကျွန်းစုဒေသ၌ ပင်လယ်ရေအောက်လိုဏ်ဂူသုံးခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ဘဟားမားကျွန်းစု၌ ရှာဖွေတွေ့ရှိရသော ပင်လယ်ရေအောက်လိုဏ်ဂူတစ်ခုကို တွေ့ရစဉ်။

ယနေ့ သတင်း အညွှန်း

ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်းအား နိုင်ငံခြားပညာရှင်များအကူအညီဖြင့် ရေးဆွဲနေပြီး အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် မြေပေါ်မြေအောက်ရထားလမ်းများ ထည့်သွင်းရေးဆွဲလျက်ရှိ

ပြည်တွင်းသတင်း စာမျက်နှာ ၇

အရောင်းအဝယ်လုပ်ငန်းများတွင် လေပတ်ကားဖြင့် ရောင်းဝယ်ခြင်းဖြင့် ပစ္စည်းအရည်အသွေးထိန်းသိမ်းမှုထိခိုက်၊ မလိုလားအပ်သော မှုခင်းကိစ္စများလည်း ပေါ်ပေါက်နိုင်

ပြည်တွင်းသတင်း စာမျက်နှာ ၃

ကြေးမုံစာတည်းရှုထောင့်

၂၉-၁-၂၀၁၂[တနင်္ဂနွေနေ့]။

ရေတို ရေရှည်

ကျွန်ုပ်တို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ မကြာမီက လာရောက်လေ့လာသွားသော ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းကြီးက ကြွယ်ဝသည့်သဘာဝအရင်းအမြစ်များ၊ ပျိုနုငယ်မျစ်သည့် အလုပ်အင်အားစုများ၊ ကမ္ဘာပေါ်ရှိ အရှိန်အဟုန်ဖြင့် စီးပွားရေးတိုးတက်နေသည့်နိုင်ငံအချို့နှင့်နီးစပ်နေမှုများ စသည်တို့ကို အခြေပြု၍ အကျိုးဖြစ်ထွန်းအောင်ပြောင်းလဲပစ်မည်ဆိုလျှင် အာရှတိုက်တွင် နောက်ထပ်စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အလားအလာကောင်းသော ဖွံ့ဖြိုးတိုးတက်မှုနှုန်းများ ရှိနေပါသည်ဟု ဟောကိန်းထုတ်ခဲ့သည်။

ပြည်တွင်းသာမက နိုင်ငံတကာနယ်ပယ်အသီးသီးကလည်း ချီးကျူးသံများ၊ ဝေဖန်အကြံပြုသံများ နေ့စဉ် ပျံ့လွင့်လျက်ရှိသည်။ နိုင်ငံအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အစိုးရနှင့်ပြည်သူ လက်တွဲကြည်ဖြူ ညီတူစွာ လုပ်ကိုင်လာကြခြင်း၏ အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။ ခေတ်တစ်ခေတ်နှင့် တစ်ခေတ် လုံးဝခြားနားသွားခဲ့ပြီဖြစ်သည်။ ပြုပြင်သင့်သည်များကို ပြုပြင်၊ ပြောင်းလဲသင့်သည်များကို ပြောင်းလဲခဲ့သဖြင့် တိုးတက်မှုများ အစီအရီပေါ်ထွက်လာခြင်း ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများမှာ အချိန်တိုကာလအတွင်းဖြစ်ပေါ်ခဲ့သော်လည်း ပြုပြင်ရန်ကျန်သောအချက်များမှာ များလှသည်။ ပညာရှင်များ ဟောကိန်းထုတ်သကဲ့သို့ များမကြာမီကာလအတွင်း အာရှ၏ ကျားတစ်ကောင်ဖြစ်လာမည်မှာ ယခုပုံစံကဲ့သို့ အားထုတ်မှုများအတိုင်းသွားမည်ဆိုလျှင် မြေကြီးလက်ခတ်မလွဲ အောင်မြင်ဖြစ်ထွန်းမည်မှာ အမှန်။ သို့သော် နိုင်ငံ၏အခြေအနေ အရပ်ရပ်သည် Long Term နှင့် Short Term ဟူ၍ ကွဲပြားနေ၏။

Short Term မှာ ယခုမျက်မှောက်အကျိုးဆက်အားဖြင့် အချိန်တိုအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မည့် အောင်မြင်မှုအလားအလာများ ဖြစ်သည်။ Long Term မှာ ဖြေရှင်းရခက်သော ကျွန်ုပ်တို့၏ လူမှုပုံစံအကျင့်စရိုက်များပင်ဖြစ်သည်။ တစ်နည်းဆိုသော် နှစ်ပေါင်းများစွာ အရိုးစွဲလာသော ကျွန်ုပ်တို့၏ အလေ့အထများပင် ဖြစ်သည်။ ထိုအလေ့အထအကျင့်စရိုက်များကို ကျွန်ုပ်တို့ ယနေ့မှစတင်၍ ဖျောက်ဖျက်ပစ်ဖို့လိုပြီ။

အာရှတိုက်၌ ပြာပုံထဲမှနိုးထလာသော အစောဆုံးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံကပြောသည်။ သင်တို့နိုင်ငံ နိုင်ငံတကာအဆင့်မီမီ ရပ်တည်နေထိုင်နိုင်ရန် အသက် (၁၄) နှစ်အထက် ပြည်သူအားလုံးကို ပြောင်းလဲပစ်ဖို့ လိုသည်ဟု ဆိုသည်။ သူ၏ဆိုလိုချက်မှာ ကောင်းသောစေတနာဖြင့် ခြုံငုံလျှော့ပြောလိုက်ခြင်းသာ ဖြစ်သည်။ အမှန်တကယ်တွင် အသက် (၁၄) နှစ်အထက် ပြည်သူများတွင် ကိုယ်ကျင့်တရားကောင်းမွန်သော၊ ပြည်သူ့နီတိကို နားလည်သော နိုင်ငံသားများ အမြောက်အမြား ရှိပါသည်။ သို့သော် နိုင်ငံ၏လူဦးရေနှင့် နှိုင်းစာလျှင် နည်းပါးမည်သာဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဖော်ပြပါကဲ့သို့ နိုင်ငံကြီးသားတို့၏ ကျင့်သုံးလိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြဖို့ ကြိုးစားကြရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဣဿာမစ္ဆရိယများကို ဖယ်ခွာကြရပါမည်။ မသိကျိုးကျွန်ပြုမှုများကိုလည်း ရှောင်ရှားကြရပါမည်။ တာဝန်သိစိတ်များလည်း ထားတတ်ကြရပါမည်။ တာဝန်ယူမှုများလည်း ရှိရပါမည်။ နှစ်ပေါင်းများစွာ အရိုးစွဲလာသော ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြင်ရသည်မှာ အပြောလွယ်သလောက် အလုပ်ခက်လှပါသည်။

သို့သော် ကျွန်ုပ်တို့နိုင်ငံကြီး ကောင်းစားမည့်အရေး တဖြည်းဖြည်းချင်း ပြင်ကြရပါမည်။ ထိုသို့သာ မပြုလုပ်ကြပါလျှင် ပလိုင်းပေါက်နှင့် ဖားကောက်သကဲ့သို့ ရှေ့ကကောက် နောက်ကဖောက်နှင့် ဒုံရင်းဒုံရင်းသာ ရောက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နောက်ကြောင်းပြန်မလှည့်ကြေး၊ ရှေ့သို့သာ ချီတက်သွားနေကြပါသည်။ ရေတိုသည် တစ်နှစ် နှစ်နှစ်သာကြာမြင့်မည်ဖြစ်သော်လည်း ရေရှည်သည် နှစ်ပေါင်းမည်မျှကြာဦးမည်နည်း. . .။

တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ကြက်ခြေနီအသင်းဝင်များသည် သက်ဆိုင်ရာမြို့နယ်၊ နယ်မြေအလိုက် ဒေသအာဏာပိုင်များနှင့်အတူတကွ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားပြီး **(အောက်ပုံ)** တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၉-၁-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၃၀	၁။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၂။ သာယာသီကြွေးခေတ်ဆန်းတေး
၈း၁၅	၃။ မြန်မာ့ရှုခင်း
၁၁း၁၅	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၂၀	၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၂၆)**
၁၁း၅၀	၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -စိတ်ကူးထဲကချစ်သူ**
၁၂း၄၀	၇။ ကျန်းမာသုတ
၁း၀၀	၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၅)**
၄း၁၅	၉။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၁၀။ လျှပ်တစ်ပြက်
၄း၃၀	၁၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၃၅	၁၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀	၁၃။ မီးသတိပေးနှိုးဆော်ချက်
၅း၀၀	၁၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၅။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၃၀	၁၆။ ဘဝကြေးမုံ -စွန့်လွှတ်သူ (ရန်နိုင်၊ ချမ်းမီမီကို၊ မိုးထက်ပိုင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၇။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ ကောင်းကင် (အပိုင်း-၅၁)**
	၁၉။ မိုးလေဝသသတင်း
	၂၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၁။ ပဟေဠိနန်းတော်
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီး----ချစ် (အပိုင်း-၁၀)**
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၇)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းသား သင်တန်းသူများ မန္တလေးတိုင်းဒေသကြီးအတွင်း လေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၄၃) စတုတ္ထနှစ် သင်တန်းသား သင်တန်းသူများသည် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း ဦးဆောင်၍ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဦးငွေးလွင်နှင့် ကြီးကြပ်သူ ဆရာ ဆရာမများ လိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ ရောက်ရှိရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာ မြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လေ့လာရေးခရီးစဉ်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဦးနေဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ သင်ကြားစီမံဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နည်းပြချုပ် ဒုတိယ ရဲမှူးကြီးချစ်စိန်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ သမိုင်းအကျဉ်းချုပ်နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းရှိ ရဲသမိုင်းပြတိုက်၊ မှုခင်းသိပ္ပံဓာတ်ခွဲခန်း၊ စာကြည့်တိုက်၊ စာဖတ်ခန်း၊ အင်္ဂလိပ်ဘာသာ စာသင်ခန်း၊ ကွန်ပျူတာခန်း၊ Language Lab နှင့် အမှုစစ်အရာရှိသင်တန်းခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးသိန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စစ်ရေးစွမ်းရည်၊ မီးသတ်စွမ်းရည်၊ အသက်ကယ်စွမ်းရည် လက်တွေ့သရုပ်ပြတင်ဆက်မှုနှင့် မီးသတ်ပစ္စည်းကိရိယာများ သရုပ်ပြခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

လေ့လာရေးအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်စိုက်ပျိုးရေးခြံသို့ ရောက်ရှိရာ ခြံမန်နေဂျာ ဦးတင့်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက ဆေးဖက်ဝင်သစ်ခွများ၊ ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးမျိုးများ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြကာ လေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိရာ စီမံမန်နေဂျာ ဦးမင်းဇော်ဦးက ဥယျာဉ်၏ နောက်ခံသမိုင်းနှင့် သစ်တောသစ်ပင်များ၊ သစ်ခွများ၊ ပန်းမန်များနှင့် ကျေးငှက်တိရစ္ဆာန်များ ပြုစုပျိုးထောင် ထိန်းသိမ်းထားရှိမှုများကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သစ်တောကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးမြင့်သိန်း(၃)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ သစ်တောကျောင်းသမိုင်းနှင့် သင်တန်းပို့ချမှုအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့သည် သစ်တောကျောင်းပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့သို့ ရောက်ရှိရာ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေးဌာနကြီး ဌာနကြီးမှူး ဦးစိန်ထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် သတင်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့သည် ရတနာပုံဆိုလာပြားစက်ရုံနှင့် ရတနာပုံ ဖိုင်ဘာကေဘယ်လ်ကြိုး စက်ရုံတို့ကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၄၃) စတုတ္ထနှစ် သင်တန်းသား သင်တန်းသူများ မြန်မာနိုင်ငံသစ်တောကျောင်းပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၀၄၀၀	၀. ၀၃၂၂၂
တရုတ် (ယွမ်)	၆. ၃၃၃၀၀	၀. ၁၅၇၉၀
အိန္ဒိယ (ရူပီး)	၄၉. ၂၂၅၀	၀. ၀၂၀၃၁
မလေးရှား (ရင်းဂစ်)	၃. ၀၄၁၀၀	၀. ၃၂၈၈၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၀၀၀	၀. ၈၀၀၀၀
ဂျပန် (ယန်း)	၇၆. ၆၉၅၀	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၁၂၀. ၀၀	၀. ၀၀၀၈၉
ယူရို	၀. ၇၅၆၄၃	၁. ၃၂၂၀၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၅၆၅	၁. ၅၇၃၂၀

အင်တာနက်။

★ နာဂဒေသမှ

အပါအဝင် နယ်ဘက်အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်ပေးရန် လိုအပ်သောဒေသဖြစ်၍ မြို့နယ်၊ မြို့နယ်ခွဲများ သတ်မှတ်တိုးမြှင့် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က လူသွားလမ်းမျှသာရှိသော ဒေသဖြစ်၍ ယခင်တပ်မတော်အစိုးရလက်ထက်တွင် မြေသားတစ်ကြောင်းထိုးလမ်းများ စတင်ဖောက်လုပ်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ အချို့နေရာများတွင် ဆိုင်ကယ်၊ ထော်လာဂျီ၊ ဂျစ်ကားများ သွားလာနိုင်သည့် မြေသားလမ်းအဆင့် ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ကျောက်ကြမ်းလမ်း စသည်ဖြင့် လမ်းအဆင့်တိုးမြှင့်ဖောက်လုပ်ပေးရေးအတွက် သုံးနှစ်စီမံချက်ချမှတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၎င်းဒေသသည် ဒေသဝမ်းစာဖူလုံမှုမရှိသေးသည့် ဒေသဖြစ်၍ ရာသီဥတုနှင့် ကိုက်ညီပြီး ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် စပါးမျိုးများမှအစ ဖြန့်ဝေထောက်ပံ့နိုင်ရေး၊ ဒေသရေရှည်စီးပွားရေးအတွက် လက်ရှိစိုက်ပျိုးနေသည့် ဖာလာနှင့် ရော်ဘာသီးနှံအပါအဝင် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက် မျိုး၊ နည်းစနစ်များမှအစ ထောက်ပံ့သွားရန် လိုအပ်ကြောင်း။

ထို့အပြင် နွေရာသီကာလတွင်ပင် လစဉ်မိုးရွာသွန်းပြီး စုစုပေါင်း မိုးရေချိန် လက်မ ၁၀၀ ခန့်အထိ ရွာသွန်းသောဒေသဖြစ်၍ ချောင်းများတွင် ကျေးရွာအစုအဖွဲ့အလိုက် လျှပ်စစ်မီးပေးနိုင်မည့် တစ်နိုင်ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့်နေရာ၊ နည်းစနစ်၊ ထုတ်လုပ်နိုင်မှုစွမ်းအားတို့အား သေချာစွာ လေ့လာဆန်းစစ် ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း။

နာဂဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရေးအတွက် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သည့်အဖွဲ့ စနစ်တကျဖွဲ့စည်း၍ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ထိုဒေသရှိ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာများအထိ သွားရောက်ကာ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီး အခြေအနေ အသေးစိတ်လေ့လာကြရန် ဖြစ်ကြောင်း။

အဆိုပါအဖွဲ့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများ ရေရှည်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ မည်သို့ပံ့ပိုးဆောင်ရွက်သွားရမည်ကို အသေးစိတ်သိရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းပြီးနောက် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ဒေသခံ တိုင်းရင်းသားများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာနိုင်သဖြင့် အဆင်ပြေစပြုလာသည့် အခြေအနေမှ ဖွံ့ဖြိုးတိုးတက်လာသည့်အခြေအနေသို့ ရောက်ရှိစေရေးအတွက် မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် အစီအမံများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေ ရရှိရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ စုဖွဲ့ပြီး မြို့နယ်များသို့ သွားရောက်လေ့လာဆောင်ရွက်ကြမည့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သွားရောက်မည့် ဌာနဆိုင်ရာအဖွဲ့တွင် ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၊ ပညာရှင်များဖြင့် ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသဖြစ်၍ စက်ယန္တရားများ တင်ပို့ရန်ကအစ အသေးစိတ် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ထိုဒေသ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ရောက်ရှိလာသည်အထိ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၎င်းလုပ်ငန်းများအား နိုင်ငံတော်၏ အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်ဖြစ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်နှင့်အညီ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။

၎င်းဒေသသည် လိုအပ်သော ငွေကြေးထောက်ပံ့ဖြည့်ဆည်းမှုများအပြင် လိုအပ်ချက်များကိုပါ တစ်ပါတည်း ဖြည့်ဆည်းပေးနိုင်မှသာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည့်ဒေသဖြစ်၍ လုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အရောင်းအဝယ်လုပ်ငန်းများတွင် လေပတ်ကားဖြင့် ရောင်းဝယ်ခြင်းဖြင့် ပစ္စည်းအရည်အသွေးထိန်းသိမ်းမှုထိခိုက်၊ မလိုလားအပ်သော မှုခင်းကိစ္စများလည်း ပေါ်ပေါက်နိုင်ပြီး ပြည်သူများ၏အကျိုးစီးပွား နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ငွေ၊ ပစ္စည်းလက်ငင်းပေးချေ၍ အရောင်းအဝယ်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်

နေပြည်တော် ဇန်နဝါရီ ၂၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ၊ အရောင်းအဝယ်လုပ်ငန်းများ အဆင်ပြေ လျင်မြန်ချောမွေ့စေရေးတို့အတွက် အခွန်အခများကို လျှော့ပေါ့ပေးခြင်း၊ ဥပဒေအချို့ကို ပြင်ဆင်၊ ပယ်ဖျက်ပေးခြင်း၊ ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်များအသင်းဝင်အချို့နှင့် ပြည်တွင်းအရောင်းအဝယ်လုပ်ငန်းများဖြစ်သော ရွှေရောင်းဝယ်ခြင်း၊ ပဲအမျိုးမျိုး၊ ပြောင်း၊ စပါး၊ ဆန်၊ ဆား အစရှိသော ရောင်းဝယ်မှုလုပ်ငန်းများတွင် ငွေ၊ ပစ္စည်းတို့ကို လက်ငင်းပေးချေခြင်းမပြုဘဲ လေပတ်ကား ရောင်းဝယ်မှုများပြုလုပ်နေကြကြောင်း သိရှိရသည်။

ထိုကဲ့သို့ လေပတ်ကားရောင်းဝယ်ခြင်းဖြင့် ပစ္စည်းအရည်အသွေးထိန်းသိမ်းမှု ထိခိုက်ခြင်း၊ ငွေအပေးအယူနှင့် ကတိကဝတ်များပျက်ပြားခြင်း၊ အခြားသောလူမှုရေးကိစ္စများ၊ ငွေတန်ဖိုးကိစ္စများစသည့် များစွာသောပြဿနာများနှင့် ကြုံတွေ့ကြရခြင်း၊ ထိုမှတစ်ဆင့် မလိုလားအပ်သော မှုခင်းကိစ္စများအပြင် နိုင်ငံတော်၏ ကုန်စည်စီးဆင်းမှု၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ငွေတန်ဖိုးထိန်းသိမ်းခြင်းစသည်တို့တွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အရောင်းအဝယ်ပြုလုပ်ကြရာတွင် လေပတ်ကားဖြင့် အရောင်းအဝယ်မပြုလုပ်ကြရန်နှင့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ပါက ပြည်သူများ၏ အကျိုးစီးပွားများ နစ်နာဆုံးရှုံးနိုင်သဖြင့် ငွေ၊ ပစ္စည်း လက်ငင်းပေးချေခြင်းဖြင့်သာ ရောင်းဝယ်မှုပြုလုပ်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညီလာခံကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

Conference on Development Policy Options with Special Reference to Education and Health in Myanmar ညီလာခံကျင်းပရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** ညီလာခံကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ညီလာခံကျင်းပရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး UNDP Myanmar မှ Senior Policy Adviser Mr. Shafique Rahman နှင့် National Consultant ဦးခိုင်ထွန်းတို့က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပြန်လည် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရွှေဖုံးမှ

အဆိုပါ လိုဏ်ဂူသုံးခု၏ လိုဏ်ပေါက်များမှာ အပြာရောင်သမ်းနေပြီး လိုဏ်ဂူဥမင်လမ်းများအတွင်း ဗက်တီးရီးယားပိုးဆိုင်ရာ အဏုဇီဝပိုးမွှားများ ခိုအောင်းနေထိုင်ကြောင်း တက္ကဆက်ပြည်နယ် ဂယ်ဘက်စတန်မြို့ရှိ တက္ကသိုလ်မှ အဏုဇီဝဗေဒ ပါမောက္ခ တမ်အီလစ်ဖ်က ပြောကြားသည်။

ဘဟားမားကျွန်းစုသည် ကာရစ်ဘီယန်ပင်လယ်အတွင်း သန္တာကျောက်တန်း ကျွန်း ၇၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည်။

သိပ္ပံပညာရှင်များသည် အဘာကိုကျွန်းရှိ လိုဏ်ဂူနှစ်ခုနှင့် အင်ဒရော့ကျွန်းရှိ လိုဏ်ဂူတစ်ခုတို့ကို အသေးစိတ် စူးစမ်းလေ့လာခဲ့သည်။

အဘာကိုကျွန်းရှိ လိုဏ်ဂူတစ်ခုမှာ ပင်လယ်ရေအောက် ပေ ၁၀၀ ခန့်အနက်၌ တည်ရှိနေပြီး လိုဏ်ဂူနံရံမျက်နှာပြင်ပေါ်တွင် ဗက်တီးရီးယားပိုးမွှားများ အိမ်ဖွဲ့နေထိုင်ကြောင်း၊ ယင်းပိုးမွှားများ၏ အိမ်မှာ ဒု တစ်လက်မနီးပါးရှိကြောင်း၊ အခြားသောလိုဏ်ဂူ၌လည်း ဗက်တီးရီးယားပိုးမွှားများ ရှင်သန်ပေါက်ပွားမှုရှိကြောင်း၊ ဗက်တီးရီးယားပိုးမွှားများမှာ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်ပြီး အလင်းရောင်ရရှိသည့်နေရာအလိုက် ယင်းပိုးမွှားများ၏ ပုံစံများနှင့် သိပ်သည်းဆတို့ ကွဲပြားခြားနားကြောင်း ပါမောက္ခ တမ်အီလစ်ဖ်က ပြောကြားသည်။

အင်တာနက်။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းဥက္ကဋ္ဌ ဖိုရမ်တက်ရောက်ရန် ဟောင်ကောင်မြို့သို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ HONGKONG CITY UNIVERSITY ၏ ဖိတ်ကြားချက်အရ Myanmar Economic Perspetive Forum သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်း ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်အေးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (သတင်းစဉ်)

စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းနှင့် ကွမ်းတံတွေး ထွေးခြင်းများ အရေးယူသွားမည်

မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးမြို့တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့များ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး၊ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေသည့်ကိစ္စရပ်များ ပပျောက်စေရေးအတွက် ယာဉ်များပေါ်မှ ကွမ်းတံတွေးထွေးခြင်း၊ စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ခြင်း၊ ကျယ်လောင်စွာဟွန်းတီးခြင်းများကို မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အသိပညာပေးကာလအဖြစ် ဇန်နဝါရီ ၃၁ ရက်ထိ သတ်မှတ်ပြီး ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီ (မြို့တွင်း)က လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ခရီးသည်များကမ်းခြင်းများ ပြုလုပ်၍ ဖေဖော်ဝါရီလမှစ၍ စည်ပင်သာယာဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

ပါကစ္စတန်ရှိ ထိပ်တန်းစစ်တက္ကသိုလ်၏ တံတိုင်းနံရံ ဒုံးလက်နက်များ ကျရောက်မှုကြောင့် ပျက်စီးခဲ့ရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၈

ပါကစ္စတန်နိုင်ငံရှိ ထိပ်တန်းစစ်တက္ကသိုလ်တစ်ခု၏ တံတိုင်းနံရံကို ဒုံးလက်နက်များ ကျရောက်ထိမှန်ခဲ့ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အဘော့တာဘတ်မြို့ရှိ စစ်တက္ကသိုလ်၏ တံတိုင်းနံရံမှာ ဒုံးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည်။

ကာကူးလ်စစ်တက္ကသိုလ်၏ ဥပစာနယ်မြေအတွင်း ဇန်နဝါရီ ၂၇ ရက်က ဒုံးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။

ယင်းဖြစ်ရပ်သည် လုံခြုံရေးစည်း ကျိုးပေါက်မှုပင်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အရှုံးတက်ချိန်၌ ဒုံးကျည်ကိုးစင်း ကျရောက်ပေါက်ကွဲခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှု မရှိပေ။

အဆိုပါ စစ်တက္ကသိုလ်အား စီးမိုးတွေ့မြင်နိုင်သော တောင်တန်းပေါ်မှ ဒုံးကျည်ကိုးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ မည်သူတို့က ယင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို မသိရှိရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နေထိုင်ခဲ့

အဘော့တာဘတ်မြို့သည် မြို့တော်အစ္စလမ္မာဘတ်မှ မိုင် ၃၀ အကွာတွင်တည်ရှိပြီး အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည့် နေအိမ်အနီးတွင် ကာကူးလ်စစ်တက္ကသိုလ် တည်ရှိသည်။

အဘော့တာဘတ်မြို့သည် ခံတပ်မြို့(တပ်မြို့)ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၌ လုံခြုံရေးအကောင်းဆုံး မြို့တစ်မြို့အဖြစ် ရပ်တည်ခဲ့သည်။ **အင်တာနက်။**



ဒုံးကျည်များ ကျရောက်ပေါက်ကွဲခဲ့သော အဘော့တာဘတ်မြို့ကို တောင်ပေါ်မှ စီးမိုးတွေ့မြင်ရစဉ်။

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ပက်ထရိုပလပ်ကုမ္ပဏီ၏ ရေနံချက်စက်ရုံကို တွေ့ရစဉ်။

အီရန်မှ ရေနံဝယ်ယူမှုပိတ်ပင် အီးယူရေနံချက်စက်ရုံများ ပိတ်ရဖွယ်

ရောမ ဇန်နဝါရီ ၂၈

ဥရောပသမဂ္ဂ(အီးယူ)က အီရန်နိုင်ငံမှ ရေနံတင်သွင်းခြင်းကို ပိတ်ပင်ခြင်းသည် ဥရောပမှ ရေနံချက်စက်ရုံ ၇၀ခန့်ကို လျင်မြန်စွာ ပိတ်ရသည့်အခြေအနေသို့ ရောက်ရှိစေမည်ဖြစ်ကြောင်း အီတလီရေနံချက်စက်ရုံများအသင်း၏ အကြီးအကဲက စနေနေ့တွင် ပြောကြားသည်။

အီတလီနိုင်ငံတွင် ရေနံချက်စက်ရုံ ငါးရုံ ပိတ်ရတော့မည်ဖြစ်ကြောင်း ပက်ထရိုလီဖီရာယူနီယံ၏ အထွေထွေမန်နေဂျာ ပီရိုဒဲဆီမွန်က ဘလွန်းဘတ်သတင်းဌာနကို ပြောကြားသည်။

အီရန်နိုင်ငံအပေါ် တစ်ဖက်သတ်အရေးယူပိတ်ဆို့မှုကို စိုးရိမ်မိသည်ဟု ၎င်းကဆိုသည်။ ယင်းသို့ အီရန်မှ ရေနံဝယ်ယူမှုကို ပိတ်ပင်ခြင်းသည် အာရှမှ ရေနံတင်သွင်းသူများကို ကူညီအားပေးရာ ရောက်မည်ဖြစ်ကြောင်း၊ ဥရောပ ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရောင်းရာတွင် ၎င်းတို့က ၎င်းတို့၏ရေနံထွက်ပစ္စည်းများကို ဈေးလျှော့၍ ရောင်းချနိုင်မည်ဖြစ်ကြောင်း ပီရိုဒဲဆီမွန်က ရှင်းပြသည်။

အီရန်ရေနံကုမ္ပဏီများက ၎င်းတို့၏ရေနံများကို အခြားနိုင်ငံများသို့ ထိုးရောင်းမည်ဖြစ်ကြောင်း၊ ရေနံဖောက်သည်အသစ်များကို ၎င်းတို့ရှာကြမည်မှာ အသေအချာဖြစ်ကြောင်း အီတလီ မန်နေဂျာက ပြောသည်။

စီးပွားရေးအရေးယူမှုအသစ်ပြဋ္ဌာန်း

ဘယ်လ်ဂျီယံ ဘရပ်ဆဲလ်မြို့၌ ဇန်နဝါရီ ၂၃ ရက်တွင် နောက်ဆုံးကျင်းပခဲ့သည့် အစည်းအဝေးတွင် အီးယူ ၂၇ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက အီရန်နိုင်ငံအပေါ် စီးပွားရေးအရေးယူမှုအသစ် ပြဋ္ဌာန်းသည်။

အဆိုပါအရေးယူမှုတွင် အီရန်နိုင်ငံမှ ရေနံဝယ်ယူမှုကို ပိတ်ပင်ခြင်း၊ အီးယူနိုင်ငံများအတွင်းရှိ အီရန်ဗဟိုဘဏ် ပိုင်ဆိုင်ခွင့်များကို ထိန်းချုပ်ထားခြင်းနှင့် အီရန်နိုင်ငံသို့ စိန်၊ ရွှေနှင့် အခြားတန်ဖိုးရှိသည့် သတ္တုများရောင်းချမှုကို တားမြစ်ခြင်းတို့ ပါဝင်သည်။ **အင်တာနက်။**

ချစ်ဇာတ်လမ်းတစ်ခန်းရပ်တော့မည့် လီမင်ဟိုနှင့် ပါ့ခ်မင်ယောင်

ကိုရီးယား နာမည်ကျော် ငွေကြယ်ပွင့်များဖြစ်ကြသည့် မင်းသား လီမင်ဟိုနှင့် မင်းသမီးပါ့ခ်မင်ယောင်တို့က ၎င်းတို့၏ ခြောက်လကြာ ချစ်သူသက်တမ်းကို နှစ်ဦးစလုံးက အဆုံးသတ်တော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။**(ယာပုံ)**

လီမင်ဟိုနှင့် ပါ့ခ်မင်ယောင်တို့က ကိုယ်ရေးကိုယ်တာကိစ္စများ၊ အနုပညာရေးရာကိစ္စများ များပြားသဖြင့် တစ်ဦးနှင့် တစ်ဦးတွေ့ဆုံရန် အခက်အခဲရှိသဖြင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လီမင်ဟို၏ ဖျော်ဖြေရေးအေဂျင်စီ Starhaus က ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လီမင်ဟိုနှင့် ပါ့ခ်မင်ယောင်တို့က ယင်းသို့လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြသော်လည်း အနုပညာလုပ်ဖော်ကိုင်ဖက်များအဖြစ်၊ မိတ်ဆွေများအဖြစ် ဆက်လက်ဆက်ဆံသွားမည်ဖြစ်ကြောင်း ပါ့ခ်မင်ယောင်၏ ဖျော်ဖြေရေးအေဂျင်စီ KingKong မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် လွန်ခဲ့သည့် လေးငါးခြောက်နှစ်ကတည်းက တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်ခဲ့ကြသော်လည်း အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် City Hunter ဇာတ်လမ်းတွဲအတွင်း အတူသရုပ်ဆောင်ပြီးနောက် ယမန်နှစ်ဩဂုတ်လတွင် ချစ်သူအဖြစ်သို့ ရောက်ရှိသွားခဲ့ကြောင်း မီဒီယာများက သုံးသပ်ရေးသားဖော်ပြခဲ့သည်။

လီမင်ဟိုသည် ၂၀၀၉ ခုနှစ်က Boys Over Flowers ရုပ်သံဇာတ်လမ်းတွဲမှစ၍ ကိုရီးယားတွင်သာမက အာရှတွင်ပါ လူကြိုက်များရေပန်းစားသည့် ကိုရီးယား ကြယ်တစ်ပွင့်ဖြစ်ခဲ့သည်။ ပါ့ခ်မင်ယောင်မှာ ၂၀၀၆ ခုနှစ်က High Kick 1ဇာတ်ကားမှစ၍ နာမည်ရလာသည့် မင်းသမီးတစ်ဦးဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး



ဝန်ထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှုရှိရေး အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး တိုက်တွန်း

ဂျကာတာ ဇန်နဝါရီ ၂၈

ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် ထိရောက်မှုရှိစေရန် ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာ အရည်အသွေး မြင့်မားတိုးတက်ရန်လိုအပ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးက ဇန်နဝါရီ ၂၇ ရက်တွင် တိုက်တွန်းလိုက်သည်။ ယခုနှစ်ကုန်တွင် အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်း ၃၀၀၀ အနက် သုံးပုံတစ်ပုံသည် နိုင်ငံခြားဘာသာ အင်္ဂလိပ်စာ စာမေးပွဲ(တိုဖယ်လ်)တွင် အမှတ် ၆၀၀ အထက်ရရှိရန် ရည်မှန်းချက်တစ်ရပ် ချမှတ်ထားသည်။

တိုဖယ်လ်ရေးဖြေစာမေးပွဲ၏ အမြင့်ဆုံးအမှတ်မှာ ၆၇၇ မှတ်ဖြစ်သည်။

လွန်ခဲ့သော အောက်တိုဘာလက ကုန်သွယ်ရေးဝန်ကြီးဖြစ်လာသူ ဂီတာဝါဂျာဝမ်သည် ဝန်ထမ်းများ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် လမ်းညွှန်မှုပေးခဲ့သည်။

၎င်းသည် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဘီကေပီအမ်)အောက်ရှိ ဝန်ထမ်းများ အင်္ဂလိပ်ဘာသာကျွမ်းကျင်လာစေရန်လည်း တိုက်တွန်းအားပေးခဲ့သည်။ **အင်တာနက်။**

ဖိလစ်ပိုင်၌ စစ်စခန်းများဖွင့်လှစ်ရန် အမေရိကန် စီစဉ်နေခြင်းမရှိဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံ၏ စစ်အင်အားကြီးထွားလာမှုကို ထိန်းချုပ်နိုင်ရန် မဟာဗျူဟာတစ်ရပ်အဖြစ် ဖိလစ်ပိုင်နိုင်ငံ၌ စစ်စခန်းများဖွင့်လှစ်ရန် စီစဉ်ထားခြင်းမရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်၏ စစ်ရေးမဟာမိတ် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဖိလစ်ပိုင်ပိုင်နက်နယ်မြေအတွင်း အမေရိကန်စစ်စခန်းတစ်ခုကို ပြန်လည်ထူထောင်ရန် စီစဉ်နေခြင်းမရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဝိတိုရီယနူလန်းက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို ဖြတ်တောက်လျှော့ချရန် စီစဉ်ထားသော်လည်း ယင်းနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသ၌ စစ်ရေးအရတည်ရှိမှုကို လိုလားကြောင်း လက္ခဏာများပြသခဲ့သည်။

မဟာဗျူဟာမြောက်

ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့မှ အထက်တန်းသံတမန်များနှင့် ကာကွယ်ရေးတာဝန်ရှိသူများသည် နှစ်ပတ်လည် မဟာဗျူဟာမြောက်ဆွေးနွေးပွဲကို ဝါရှင်တန်၌ ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

မိမိတို့နှစ်နိုင်ငံသည် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရာတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်ကိုသာ အလေးထားကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်ရှိ ပြင်သစ်တပ်ဖွဲ့များကို စီစဉ်ထားသည်ထက်တစ်နှစ်စောပြီးရုပ်သိမ်းမည်

ပါရီ ဇန်နဝါရီ ၂၈

ပြင်သစ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြန့်ကြက်ထားသော ၎င်း၏တပ်ဖွဲ့များကို စီစဉ်ထားသည်ထက် တစ်နှစ်စောကာ ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း သမ္မတ နီကိုလပ်စ်ဆာကိုဇီက ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အာဖဂန်စစ်သားတစ်ဦး၏ လက်ချက်ကြောင့် ပြင်သစ်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် သမ္မတ ဆာကိုဇီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

သမ္မတ ဆာကိုဇီသည် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် ပြင်သစ်နိုင်ငံ ပါရီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ပြင်သစ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကာပီဆာပြည်နယ်၏ လုံခြုံရေးဆိုင်ရာတာဝန်ဝတ္တရားများကို ယခုနှစ် မတ်လမှစ၍ အာဖဂန်တပ်ဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်ရန် ပြင်သစ်သမ္မတက ဆုံးဖြတ်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြန့်ကြက်ထားသော ပြင်သစ်တပ်ဖွဲ့ဝင်အများစုမှာ ကာပီဆာပြည်နယ်၌ရှိပြီး လောလောဆယ် အင်အား ၃၆၀၀ ရှိသည်။ အဆိုပါပြည်နယ်၌ ပြင်သစ်တပ်ဖွဲ့ဝင်လေးဦး အသတ်ခံရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ပြင်သစ်တပ်ဖွဲ့များကို အာဖဂန်နစ္စတန် နိုင်ငံမှ အချိန်စော၍ ရုပ်သိမ်းရန် မိမိနှင့် သမ္မတ ဟာမစ်ကာဇိုင်းတို့ သဘောတူခဲ့ကြကြောင်း ဆာကိုဇီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၃ ခုနှစ် နောက်ပိုင်း ပြင်သစ်တပ်ဖွဲ့ဝင် အနည်းအကျဉ်းသာ ရှိတော့မည်ဖြစ်ကြောင်း၊ ၎င်းတို့သည် အာဖဂန်တပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပေးမည် ဖြစ်ကြောင်း ဆာကိုဇီက ပြောကြားသည်။

အင်တာနက်။

○ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့က ဝဲကြီးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားမှူးက ဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ဖောင်ဒေးရှင်းအမှုဆောင် ဦးဇော်မိုးဝင်းက ဘုန်းတော်ကြီးကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီး၊ ပရိသတ်များက ဝဲကြီးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံမှ အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အောင်သီရိဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကဏ္ဍ (၈) ရပ်အနက် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ကနဦးအစပျိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် အားလုံးက ဝိုင်းဝန်း၍ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာဌေးတို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အောင်သီရိကျေးရွာစာကြည့်တိုက်၌ စာပေလေ့လာဖတ်ရှုနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးခဲ့သော အောင်သီရိကျေးရွာသည် နေပြည်တော်-တပ်ကုန်း ကွန်ကရစ်လမ်းသစ်ဘေးတွင် တည်ရှိပြီး အိမ်ခြေ ၁၃၂ လုံး၊ လူဦးရေ ၄၈၂ ဦး နေထိုင်လျက်ရှိသည်။

ကျေးရွာတွင် ရှေးမူလက်ရာဖြင့် တည်ဆောက်ထားသည့် အလျား ပေ ၈၀ နှင့် အနံ ၄၇ ပေရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်ခန်းလေးခန်းနှင့် ဆရာဆရာမများ နားနေဆောင်ပါဝင်သည့် အခြေခံပညာ မူလတန်းကျောင်း၊ အများပြည်သူများ နားနေဆောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်း၊ ငါးခန်းတွဲဈေးဆိုင်ခန်း နှစ်ဆောင်၊ လဟာပြင်ဈေး နှစ်ဆောင်၊ ဝန်ထမ်းနေ အိမ်ခန်း တစ်ဆောင်၊ ကျေးရွာသောက်သုံးရေရရှိရန်အတွက် ရေစုကန်နှင့် ရေလှောင်ကန်၊ နွားပွဲဈေးရောင်းချရန် အဆောင်လေးဆောင်တို့ကို ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

ထို့ပြင် အရှည်ပေ ၅၀၊ အကျယ် ပေ ၃၀ ရှိ သံပေါင်သစ်သားခင်းချောင်းကူးတံတားနှင့် သွားလာရေးလွယ်ကူစေရန် ကျေးရွာအတွင်းရှိ လမ်းများကို စနစ်တကျ ဆောက်လုပ်ပေးထားပြီးဖြစ်ရာ ကျေးရွာပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်လာပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အောင်သီရိကျေးရွာ လဟာပြင်ဈေး ဈေးဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးခဲ့သော ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲ ဆေးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်း

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ရုံး၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနေပြည်တော်၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်မှာကြားခဲ့သည့် တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများကိုတင်ပြကြသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများက တရားစီရင်ရေးလုပ်ငန်းများကိုရှင်းလင်းဆွေးနွေးမှာကြား၍ ပြည်နယ်တရားရေးဦးစီးမှူးက တရားရုံးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမပြခန်း၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်ထိ ခင်းကျင်းပြသလျက်ရှိသည့် ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ကျင်းပလျက်ရှိရာ Oriental Apex နှင့် Kaung Say Ta Man Co.,Ltd. ၏ ကားအရောင်းပြခန်းနှင့် ပြကွက်ကို ပြည်သူတို့ ကြည့်ရှုလေ့လာစဉ်။ (ကြေးမုံ)

ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုများပြား

ညောင်ရွှေ ဇန်နဝါရီ ၂၈

အင်းလေးဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ ယမန်နှစ်ထက် များပြားကြောင်း ညောင်ရွှေမြို့ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ပွင့်လင်းရာသီဖြစ်သည့် ယခုရက်ပိုင်းများတွင် လာရောက်မှုများကြောင်း ၎င်းကဆိုသည်။

ကမ္ဘာလှည့် ခရီးသွားများသည် ဖောင်တော်ဦးဘုရား၊ အင်းတိန်ဘုရား၊ ငါးဖယ်ချောင်းရွာ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း၊ လက်မှုပညာလုပ်ငန်းများ၊ ရေပေါ်စိုက်ခင်းများ၊ ငါးဖမ်းလုပ်ငန်းများကို အဓိကထားကာလာရောက်လေ့လာကြသည်။ ထို့ပြင် တောင်တက်ခရီးသွားရောက်ခြင်း၊ စက်ဘီးများငှားရမ်း၍ လည်ပတ်ခြင်း၊ ဆောင်းခိုငှက်များ၏ နေထိုင်ကျက်စားမှုနှင့် နေဝင်ချိန် ဆည်းဆာအလှကို အင်းရေပြင်ပေါ်မှနေ၍ စောင့်ကြည့် မှတ်တမ်းတင်ခြင်းများလည်း ပြုလုပ်ကြကြောင်း သိရသည်။ (၆၇၃)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း သင်တန်းဆင်းပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း အမှာစကားပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းသင်တန်း(အရာရှိအဆင့်) အမှတ်စဉ်(၁/၂၀၁၂) ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၈

စီမံကိန်းများရေးဆွဲရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်း ရေးဆွဲရန်ဖြစ်ကြောင်း၊ သမားရိုးကျ စဉ်းစားတွေးခေါ် ဆောင်ရွက်၍ မရဘဲ နိုင်ငံတကာအခြေအနေ၊ ဒေသတွင်း အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာနများ၏ မူဝါဒနှင့် ကိုက်ညီမှုရှိ-မရှိ၊ ဆောင်ရွက်၍ ရ-မရ၊ မိမိအင်အားနှင့် ဆောင်ရွက်၍ရ-မရ၊ အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ရ-မရနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိ-မရှိ စသည့် အချက်အလက်များကိုပါ ထည့်သွင်း စဉ်းစားရမည်ဖြစ်ကြောင်း၊ စီမံကိန်း Local Planning သည် အရေးကြီးပြီး ကျေးရွာစီမံကိန်း၊ ထိုမှတစ်ဆင့် မြို့နယ်စီမံကိန်း စသည်ဖြင့် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ချမှတ်ရာတွင် စုဖွဲ့မှုနှင့် တာဝန်ခွဲဝေရမည်ဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၁/၂၀၁၂)ဆင်းပွဲတွင် ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီး ဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းရုံးများမှ အရာထမ်း စုစုပေါင်း ၆၆ ဦး တက်ရောက်ကြကာ သင်တန်းဆင်းပွဲနေ့တွင် သင်တန်းသားများ အုပ်စုအလိုက် ဆွေးနွေးပွဲများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (ရန်ကုန်)၏ ဓမ္မာရုံကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာဆေးပညာ နီးနှောဖလှယ်ပွဲဖွင့်ပွဲနှင့် ဓမ္မာရုံသစ်ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ် အူလမ်းကြောင်းနှင့် အသည်းပညာရှင် အဖွဲ့ငယ်၏ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစာအိမ်အူလမ်း ကြောင်းနှင့် အသည်းရောဂါဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ က အဖွင့်အမှာစကား ပြောကြားရာတွင် ပထမအကြိမ် အစာအိမ် အူလမ်းကြောင်း နှင့် အသည်းရောဂါဆွေးနွေးပွဲကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက် ကျင်းပနိုင်ခဲ့ သည့်အတွက် ယခင်ဆွေးနွေးပွဲထက် ပြည်ပမှပါရဂူပညာရှင်များ တက်ရောက် လာမှုပိုမိုများပြားလာကာ ဆွေးနွေး ပို့ချချက်များလည်း ပိုမိုပြည့်စုံလာမည် ဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံတွင် အဖြစ်များသော အသည်း ရောင်အသားဝါ ရောဂါဘီပိုး၊ စီပိုးရောဂါ ကုထုံးများအပြင် အသည်းကင်ဆာ ရောဂါနှင့် အသည်းအစားထိုးလဲလှယ် ကုထုံးများ လက်တွေ့ကုသရာ၌ တွေ့ကြုံရ သည့်အခက်အခဲများအား ကျော်လွှားနည်း များကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည့် အတွက် မိမိတို့နိုင်ငံမှ ဆရာဝန်များအတွက် အကျိုးရှိသောပညာရပ်များ ရရှိနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကျော်မြင့်နိုင်က အမှာစကား ပြောကြား ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း အစာ အိမ်၊ အူလမ်းကြောင်းနှင့် အသည်း ပညာရှင်အဖွဲ့ငယ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းဆွေက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်က တိုးတက်လာသော ဆေးသိပ္ပံပညာနှင့် ဆရာဝန်များ၏ အခန်း ကဏ္ဍအကြောင်း ဆွေးနွေးတင်ပြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌတို့က ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ဆေးပညာနှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၏ ဓမ္မာရုံသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းဒေသကြီးလူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီး ဦးအောင် ကျော်ငြိမ်နှင့် အလှူရှင် လပြည့်ဝန်းကုမ္ပဏီ လီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးသိန်း ရွှေမိသားစုတို့က ဓမ္မာရုံသစ်အား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဓမ္မာရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဓမ္မာရုံသစ်လှူဒါန်းပွဲနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အလှူရှင် လပြည့်ဝန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး ဓမ္မာရုံ သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ အား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ် တို့က ငါးပါးသီလခံယူဆောက်တည် ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်မိသားစုများနှင့် တာဝန်ရှိသူ များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကြွရောက်တော် မူလာကြသော ဆရာတော် သံဃာတော် များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြ သည်။ ယနေ့ ဆောက်လုပ်လှူဒါန်းသည့် ဓမ္မာရုံမှာ အလျားပေ ၈၀၊ အနံပေ ၆၀နှင့် အမြင့် ၁၄ ပေရှိ ကွန်ကရစ်အဆောက် အအုံဖြစ်ပြီး အလျားပေ ၃၀၀နှင့် အကျယ် ပေ ၈၀ ရှိ ကွန်ကရစ်လမ်း အပါအဝင် ကုန်ကျငွေကျပ်သိန်း ၁၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ မျက်စိနှင့် အထွေထွေရောဂါ အခမဲ့ကုသ

နေပြည်တော် ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ ဇေယျာတုဖောင်ဒေးရှင်းနှင့် ရွှေပါရမီဖောင်ဒေးရှင်းတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် အထူးကုဆရာဝန်ကြီး များ မျက်စိနှင့် အထွေထွေရောဂါ အခမဲ့ ကုသခြင်း အခမ်းအနားဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီး မြို့နယ် ပြည်သူ့အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်၍ အဖွင့် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် စေတနာရှင်၊ အလှူရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် သည် တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန် ဆရာမများက လူနာများအား ဆေးကုသပေး နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကင်ပွန်းတောင်ချောင်းရိုး အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် စာသင်ခုံ များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တောင်တွင်းကြီးမြို့၌ အထူးကုဆရာဝန်ကြီးများ မျက်စိနှင့် အထွေထွေရောဂါ အခမဲ့ကုသခြင်း အခမ်းအနားဖွင့်ပွဲသို့ တက်ရောက်၍ မျက်စိဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးစဉ်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာ ရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၄ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း နှင့်ဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာ ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၈၀) နှင့် အထက် ဘိုးဘွားများ၊ နိုင်ငံတော် အဆင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိသူ များ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူ (Ph.D) ဘွဲ့ရရှိသူများနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရှင် များအနေဖြင့် တရားဝင်အထောက် အထားများနှင့်အတူ ဦးကောင်းရင် ဖုန်း-၆၆၃၀၆၂၊ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ ဦးခင် မောင်လေး ဖုန်း-၇၀၃၀၇၇၊ ဦးအမိုင် ဖုန်း-၂၂၇၄၇၂၊ ရုံး ဖုန်း-၂၂၂၀၈၈ နှင့် လပွတ္တာမြို့တွင် ဦးနေဝင်း၊ ဦးတင်ဆိုင် တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗဟန်းမြို့နယ်ရှိ ဦးလှရွှေ-ဒေါ်လှလှ မိသားစုက မသန်စွမ်းသူများ၏ လိုအပ် ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် လှူဒါန်းငွေကျပ် သိန်း ၃၀ ကို ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ရယူစဉ်။ (ကြေးမုံ)

ယ နေ့ ဖတ် ဖွယ် မှတ် ဖွယ် ....

အတ္တ-ပရ မျှတစွာ

သတင်းမှတ်စု - စိုးစိုးနိုင်(ကြေးမုံ)

"မလျှာတတ်ရင် စျေးရောင်း"ဆိုသည့် လူကြီးသူမများ၏ ပြောစကားကို လူတိုင်း ရင်းရင်းနှီးနှီး ကြားဖူးကြပေမည်။ ရောင်းဝယ်ဖောက်ကားဝမ်းစာရှာသည့်အခါ ရောင်းရေးဝယ်တာလုပ်ငန်းအတွက် စေတနာထားရောင်းချခြင်းဖြင့် ဝယ်ယူသူ စိတ်ချမ်းမြေ့မှုရရှိသလို ရောင်းသူမှာလည်း ဝမ်းမြောက်မိမှာအမှန်ပင်ဖြစ်သည်။

ယနေ့ခေတ် နည်းပညာများပြောင်းလဲတိုးတက်လာသည့်ကာလတွင် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချမှုနယ်ပယ်၌ စားသုံးသူများ ဝယ်ချင်အောင်ထုတ်လုပ်ပြီး ဆန်းသစ်သောပုံစံသစ်ဖြင့် ရောင်းချလာသည်ကို တွေ့ရသည်။ ကုန်ပစ္စည်းကို အဆင်း၊အနံ့၊ အရသာဖြင့်ပြည့်စုံအောင် ပြုပြင်စီမံလုပ်ဆောင်လာသည်သာမက ထုပ်ပိုးမှုပုံစံများသည်လည်း မျက်စိပသာဒလှပအောင် အမျိုးမျိုးအဖုံဖုံဖြင့် ဆွဲဆောင်ထုတ်လုပ်လာကြသည်။

ယင်းသို့ ထုတ်လုပ်ကြရာတွင် ကြာရှည်ခံအောင် ဓာတုဆေးဝါးများ၊ ဆိုးဆေးများ ရောနှောအသုံးပြုလာကြသည်ကို ကြားသိရပြန်၍ စားသုံးသူအတွက် စိတ်မကောင်းဖြစ်မိသည်။ ယင်းတို့အနက် အဆိုးရွားဆုံးမှာ စားသောက်ကုန်ပစ္စည်းထဲတွင် ထည့်သွင်းအသုံးပြုသည့် အရောအနှောများပင်ဖြစ်သည်။ အရောင်လှအောင်၊ အနံ့မွှေးအောင်၊ စားချင်စဖွယ်ဖြစ်အောင် စားသောက်ကုန်ပစ္စည်းထဲ ရောသမမွှေ ထည့်သွင်းရောင်းချသည့်ပစ္စည်းများပင် ဖြစ်ပေသည်။

ယခုတလော ကြားမိ၊ ဖတ်မိကြပေမည်။ မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများတွင် အရောအနှောပစ္စည်းများ ထည့်ကာ ရောင်းချနေကြသည်ဆိုသော သတင်းများပင်ဖြစ်သည်။

ဆီသန့်တွင် ဆီညံ့ရောနှောခြင်း၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့် စသောအမှုန့်အမျိုးမျိုးနှင့် လက်ဖက်၊ငရုတ်ဆီစသော စားသောက်ကုန်ပစ္စည်းများကို ဓာတုဆိုးဆေးများ ရောနှောရောင်းချခြင်းနှင့် တိုင်းရင်းဆေးဝါးများကို အနောက်တိုင်းဆေးဝါးများရောနှောထုတ်လုပ်ခြင်းတို့ကို ဖတ်ရှုကြားသိရပေ၏။

ယင်းအပြင် ဓာတ်ဆီထဲရေပါခြင်း၊ ထိုမှတစ်ဆင့် ဒီဇယ်ဆီစျေးကောင်းတော့ ဒီဇယ်ဆီထဲ ဓာတ်ဆီရောပါခြင်းမျိုး၊ ရက်လွန်မုန့်ဟောင်းကို မုန့်သစ်တွင် ရောခြင်းစသည့် စသည့် အမျိုးမျိုးအဖုံဖုံသော အရောအနှောများဖြင့် ရောင်းဝယ်နေကြသည်ကိုလည်း မြင်တွေ့နေရပြီ။

လွန်ခဲ့သော နှစ်နှစ်ကျော်က နိုင်ငံတစ်နိုင်ငံတွင် နို့မှုန့်နှင့် မယ်လမင်း ရောနှောရောင်းချသည့် သတင်းများက အဆိုးရွားဆုံးသတင်း ဖြစ်စေခဲ့သည်။ အဆိုပါ နို့မှုန့်ကို စားသုံးမိသည့် ကလေးငယ်များ၏ အခြေအနေမှာ အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးသည်အထိ ဖြစ်ပွားခဲ့ရ၏။

ဟင်းသီးဟင်းရွက်များတွင်လည်း ဓာတုဆေးဝါးများ၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလျက်ရှိကြသည်။

စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသူများသည် အမြတ်အစွန်းရရှိရေးအတွက် ဝိသမလောဘဖြင့် စားသုံးသူများဘေးအန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းထုတ်လုပ်ရောင်းချမှုများရပ်ဆိုင်းပြီး အတ္တပရမျှတစွာလုပ်ဆောင်သင့်ပေသည်။

ယင်းတို့သည် စားသောက်ကုန်ပစ္စည်းများ စားသုံးမိကြရသည့် အများပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးတို့ကို ထိခိုက်နစ်နာစေမည့် အပြုအမူလုပ်ရပ်များပင်ဖြစ်သည်။ "ကိုယ်ပြုသည့်ကံ ကိုယ်သာခံ" ဆိုသည့်အတိုင်း အများသူငါ ဘေးဖြစ်စေခြင်း၏ ဝဋ်ကြွေးသံသရာလည်တတ်သည်ကိုလည်း သတိချပ်သင့်ပါသည်။

သို့တည်းအတွက် စားသောက်ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများသည် မိမိ၏အကျိုးထက် စားသုံးသူအများပြည်သူများ ဘေးဘယာဝေးကွာကာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပြီး သူ့အကျိုး ကိုယ့်အကျိုးကြည့်ကာ အတ္တပရ မျှတစွာ ထုတ်လုပ်ရောင်းချ ကုသိုလ်ယူကြပါဟု ဆန္ဒပြုလိုက်ပါသည်။ ။

မြန်မာ့ယဉ်ကျေးမှု တိမ်သွားစေချင်

ယနေ့ နံနက်ပိုင်းတွင်ဖြစ်သည်။ မသွားမဖြစ်သည့် မင်္ဂလာအခမ်းအနားတစ်ခုသို့ သွားရောက်အားပေးခဲ့သည်။ လူကြီးလူငယ်အရွယ်ပေါင်းစုံတက်လာသည့် အခမ်းအနားဖြစ်သည်။ ဆွေမျိုးများ၊ ငယ်ပေါင်းမိတ်ဆွေများနှင့် ပြန်လည်ဆုံတွေ့ရ၍ အတိုင်းမသိ ဝမ်းသာကြည်နူးမှုခံစားခဲ့ရသည်။ သို့သော်----

ဤမည်သော အခမ်းအနားသို့ ဘောင်းဘီတိုနံ့နံ့၊ စကတ်တိုနံ့နံ့ဖြင့် မြန်မာမဆန် မြန်မာမှုကို ဖီလာပြုသည့် ဝတ်ပုံစားပုံမျိုးဖြင့် မိသားစုနှင့်အတူလာသည့် မြန်မာအမျိုးသမီးငယ်တချို့ကို တွေ့ခဲ့ရသည်။ မိမိ၏ ဝမ်းသာကြည်နူးမှု အရှိန်ပျောက်ခဲ့ရသည်။ (ဝတ်စားဆင်ယင်မှု မှုမမှန်သည့် လူငယ်အမျိုးသားများကို မတွေ့ခဲ့ရပါ။)

ယနေ့ ညနေပိုင်းတွင် ဖြစ်သည်။ ယခုတစ်ပတ်ထုတ် ဂျာနယ်တစ်စောင်ကို ဖတ်ဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် အမျိုးသမီးများနှင့် မော်ဒယ်လ်ပေါင်းစုံ ပါဝင်ကြသည့် တိုတိုနံ့နံ့ဝတ်စားဆင်ယင်မှုများကို ဖော်ပြထားသော ဖျော်ဖြေပွဲတစ်ခုမှ ဓာတ်ပုံများပါသည့် ဂျာနယ်တစ်စောင်ဖြစ်သည်။

လူငယ်များ အတုမြင် အတတ်သင်၊ အမြင်မှား အယူမှား မဖြစ်ရလေအောင် ပြုပြင်လမ်းညွှန် နည်းမှန်လမ်းမှန်ပြရမည့် အနုပညာရှင်များကိုယ်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မလျော်ကန်သည့် ပြည်ပအငွေ့အသက်များ စိမ့်ဝင်နှစ်သက် လက်ခံနေမှုအပေါ် ရင်လေးမိသည်။

မြန်မာဟူသည် ရှေးပဝေသဏီကပင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် လူမျိုးကြီးဖြစ်သည်။ ခေတ်စနစ်ကြီး မည်သို့ပင်ပြောင်းလဲစေကာမူ၊ အရှေ့ အနောက်ယဉ်ကျေးမှုတွေ မည်သို့ပင်ဝင်ရောက်နေစေကာမူ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုတော့ လူကြီးလူငယ်၊ ကျား၊ မ မရွေး ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

လူကြီးသူမ မိသားစုများက လမ်းမှန်ကို လမ်းညွှန်ပြကြရပေမည်။ လူကြီး လူငယ် အမျိုးသား အမျိုးသမီးအားလုံး ဝတ်စားဆင်ယင်ပြောဆိုနေထိုင်မှုအားလုံး မြန်မာဆန်စေချင်ပါသည်။ မတိုစေချင်တော့ပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်ကောင်းများ တိုးစေချင်သည်။ တိုးပွားစေချင်ပါသည်။

(ကိုအောင်)

ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်းအား နိုင်ငံခြားပညာရှင်များအကူအညီဖြင့် ရေးဆွဲနေပြီး အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် မြေပေါ်မြေအောက်ရထားလမ်းများ ထည့်သွင်းရေးဆွဲလျက်ရှိ

ရန်ကုန်မြို့တော် ဖွံ့ဖြိုးမှုစီမံကိန်းအား နိုင်ငံခြားပညာရှင်များ အကူအညီဖြင့် ရေးဆွဲလျက်ရှိပြီး ရန်ကုန်ဒေသတွင်း အထူးစီးပွားရေးဇုန် စီမံကိန်းများတွင်လည်း မြေပေါ်မြေအောက် ရထားလမ်းအစီအစဉ်များ ထည့်သွင်းရေးဆွဲလျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဇန်နဝါရီလ ၂၆ ရက် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်အပေါ် ပြန်လည် ဖြေကြားသွားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်ကို မြို့တော်အင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရန်အတွက် ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်း (City Development Plan) ကို နိုင်ငံခြားသားပညာရှင်များ၏ အကူအညီဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသွားခဲ့သည်။ ဖွံ့ဖြိုးမှုစီမံကိန်းများ ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သီလဝါနှင့် ရန်ကုန်မြစ်ဝဒေသတွင် စီးပွားရေးဇုန်တစ်ခု တည်ဆောက်သွားမည်ဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ အဆိုပါစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် ရထားပို့ဆောင်ရေးကဏ္ဍများလည်း ပါဝင်ပြီး မြေပေါ်မြေအောက် ရထားလမ်းအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲလျက်ရှိကြောင်း ဖြေကြားသွားခဲ့သည်။

လက်ရှိတွင် ရန်ကုန်မြို့တော်၏ မြို့ပတ်ရထားလမ်းပိုင်းများကို ယခင်အတိုင်း ပြေးဆွဲလျက်ရှိပြီး အရှုံးခံပြေးဆွဲနေရသည့် စရိတ်များ ကာမိစေရန်အတွက် စျေးနှုန်း ၁၀ ကျပ်မှ ၁၀၀ ကျပ်သို့ ပြောင်းလဲပြေးဆွဲခဲ့ပြီး ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်း၊ ဝန်ဆောင်မှုများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် လက်ရှိစျေးနှုန်းများ မြင့်တက်သွားခဲ့ပြီး သက်သောင့်သက်သာသွားလာနိုင်သော်လည်း ကျန်ဝန်ဆောင်မှုများ မြင့်တက်မလာခြင်းကြောင့် ရထားစီးခရီးသည် လျော့ကျလာကြောင်းသိရသည်။ ရန်ကုန်မြို့ပတ်ရထားကဏ္ဍ ပုဂ္ဂလိကသို့ ဆောင်ရွက်ခွင့်ပြုရန်အတွက် ဖိတ်ခေါ်ရှင်းလင်းဆောင်ရွက်ခဲ့သော်လည်း လုပ်ကိုင်နိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များ မရှိသေးကြောင်းလည်း သိရသည်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးတွင် အဓိကကျသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို နိုင်ငံတကာ မြို့ပြများတွင်အစိုးရများက တာဝန်ယူဆောင်ရွက်ပေးကြပြီး အရှုံးခံဆောင်ရွက်ပေးကြရသော ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ဖြစ်သည်နှင့်အညီ မြို့တော်အင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင်မှုများ၊ ပြုပြင်တည်ဆောက်မှုများ ပြုလုပ်သွားမည်ဖြစ်ရာ အဓိက အခြေခံကျသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းပိုင်းများ အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ကြသည်။ လုံခြုံစိတ်ချရသော ခရီးလမ်းပိုင်းများ ဖြစ်စေရေး၊ သန့်ရှင်းသပ်ရပ်သော ယာဉ်များဖြင့် ပြေးဆွဲပေးနိုင်ရေး၊ စရိတ်သက်သာ၍ လိုရာခရီးကို သက်သောင့်သက်သာ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေး အရေးကြီးကြောင်း သုံးသပ်ကြသည်။

ရန်ကုန်မြို့တော်ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်းကိုလည်း ပညာရှင်များ၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိကြောင်း သိရသည်။ ယခင်ကလည်း ဂျပန်နိုင်ငံမှ လာရောက်လေ့လာ ဆောင်ရွက်မှုများရှိခဲ့ပြီး မလေးရှားနိုင်ငံကလည်း ရန်ကုန်ဒေသ မဟာဗျူဟာစီမံကိန်းကြီးကို ရေးဆွဲကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ တင်ပြခဲ့သည်။ အဆိုပါ စီမံကိန်း အကောင်အထည်ပေါ်လာခြင်းမရှိသော်လည်း ရန်ကုန်မြို့တော်ကို နှစ် ၃၀ စီမံကိန်းဖြင့်သာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများ၊ အိမ်ရာစီမံကိန်းများ၊ စီးပွားရေးဇုန်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၁)

ကြေးမုံ ဓာတ်ပုံမြင်ကွင်း.....

"လမ်းပြင်ပေးတာတော့ကောင်းပါတယ်။ ယာဉ်ကြောပိတ်သွားတာဆိုးတယ်ဗျာ" ဟု ယာဉ်မောင်းညည်းတွား၊ စီးလာသောလိုင်းကား မင်္ဂလာတောင်ညွန့် စက်ရုံလမ်း မင်္ဂလာစျေးဟောင်း ကားမှတ်တိုင်ရောက်တော့ ကားလမ်းကြောပိတ်နေလို့ ကားပေါ်မှဆင်း၊ မီးပွိုင့်ဘက်ကို လျှောက်အလာ ဝန်ထမ်းများက လမ်းကို ပြုပြင်ဖာထေး၊ မွန်းတည့်ချိန်ဆိုတော့ နေကလည်းပူ၊ ကားသွားကားလာများချိန်ဆိုတော့ လုပ်ရကိုင်ရခက်ခဲ၊ လမ်းကပိတ် ဩော် --- လုပ်တဲ့သူကလုပ်---။

ယုဇနပလာဇာ သွားရန် မီးပွိုင့်မှ ညာဘက်ချိုး ဗညားဒလလမ်း ဘက်သို့ လျှောက် လာ ရာ မြင်တွေ့ လိုက်ရသည့် မြင်ကွင်း၊ ပ လက် ဖောင်း ပေါ်မှာ ဆိုင်တွေက အစီအရီ၊ လျှောက်လမ်းကကျဉ်း၊ တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းတိုက်၊ ပခုံးချင်းထိ၊ ရှောင်လိုက်၊ တိမ်းလိုက် တစ်နေရာမှာတော့ အထည်ဆိုင်မှာ အထည်ဝယ်နေတဲ့ အမျိုးသမီးကြီးက အထည်ဖြန့်ကြည့်လိုက်ရာရင် ဘတ် နဲ့ တိုက်၊ ကားလမ်း ဆင်းလျှောက်ရင် နေပူပြီး ကားတိုက်မှာကြောက်လို့ ဘယ်လို သွားလို့ ဘယ်လို လာရမှန်း မသိတော့----။

ကုန်သည်ကြီးများဟိုတယ် ငါးမန်းတောင်ဟင်းချို ထုတ်ပယ်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရှားပါးတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအတွက် လှုံ့ဆော်မှုတစ်ရပ်အနေဖြင့် ဟောင်ကောင်အခြေစိုက် Shangrila International Management ဟိုတယ်အုပ်စုတွင် တစ်ခုအပါအဝင်ဖြစ်သော ရန်ကုန်မြို့ရှိ Traders Hotel သည် ရှားပါးတိရစ္ဆာန်တစ်မျိုးဖြစ်သည့် ငါးမန်းမှရရှိသော ငါးမန်းတောင်ဟင်းချိုရောင်းချမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ငါးမန်းတောင်ဟင်းချိုရရှိရန်အတွက် နှစ်စဉ် ငါးမန်းကောင်ရေ ၇၃ သန်းအထိ သတ်ဖြတ်ခံနေရပြီး ငါးမန်တောင်အဓိကရလို၍ ငါးမန်းများ ဖမ်းဆီးသတ်ဖြတ်ခံရခြင်းဖြစ်သည်။

ငါးမန်တောင်ဟင်းချိုရောင်းချမှု ရပ်ဆိုင်းလိုက်ရခြင်းနှင့်ပတ်သက်၍ Traders Hotel မှ ဆက်ဆံရေးမန်နေဂျာ မလွင်မာအောင်က "ငါးမန်းတောင်ဟင်းချို ရောင်းချမှုကို Shangrila ဟိုတယ်အုပ်စုအောက်မှာရှိတဲ့ ဟိုတယ်အားလုံးမှာ ရောင်းချမှုရပ်ဆိုင်းတာဖြစ်ပါတယ်။ အဓိကကတော့ ရှားပါးတိရစ္ဆာန် မျိုးသုဉ်း မပျောက်ကွယ်စေဖို့နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပါဝင်လှုပ်ရှားဆောင်ရွက်တာပါ။

ဟိုတယ်ရဲ့ မီနူးထဲမှာလည်း ငါးမန်းတောင်ဟင်းချိုကို ထုတ်ပယ်လိုက်ပါပြီ။ ၂၀၁၂ ခုနှစ် နှစ်ကုန်ကျရင်လည်း ရှားပါးငါးစာရင်းဝင်လာတဲ့ Blue Fin Tuna နဲ့ Chilean Sea bass ငါးတွေကိုလည်း မီနူးထဲက ထုတ်ပယ်ပြီး ရောင်းချဖို့ ရပ်ဆိုင်းမယ့် အစီအစဉ်လည်းရှိပါတယ်။

ကျွန်မတို့ဟိုတယ်က စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်သော်လည်း စီးပွားရေးတစ်ခုတည်းကို မကြည့်ဘဲ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းရဲ့လိုအပ်ချက်နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလည်း အစဉ်အမြဲဆောင်ရွက်နေပါတယ်။ ဥပမာ ဝန်ထမ်းတွေ သွေးလှူတာတို့ ဘာတို့ပေါ့။ အရေးပေါ်သွေးလိုအပ်တယ်ဆိုရင် ဟိုတယ်ကို ဖုန်းဆက်လိုက်တာနဲ့ သတ်မှတ်ထားတဲ့ အလှည့်ကျ ဟိုတယ်ဝန်ထမ်းသွေးလှူရှင်တွေက အချိန်မီ သွေးလှူဒါန်းပေးသွားမှာပါ။ ဝန်ထမ်းတွေအားလုံးကလည်း ပြည်သူတွေအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတွေမှာ အတတ်နိုင်ဆုံး ပူးပေါင်းကာ ကူညီထောက်ပံ့စောင့်ရှောက်ဆောင်ရွက်ပေးနေကြပါတယ်" ဟု ပြောပြသည်။

Traders Hotel မှာ ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့်ဟိုတယ်ဖြစ်သည်။ ကမ္ဘာ့ငါးမန်းဆူးတောင်ရောင်းချမှု စျေးကွက်၏ ၅၀ ရာခိုင်နှုန်းမှာ ဟောင်ကောင်တွင် ရောင်းဝယ်ကြခြင်းဖြစ်ပြီး Shangrila ဟိုတယ်အုပ်စုသည် နိုင်ငံအသီးသီးရှိ ဟိုတယ် ၇၂ လုံးတွင် ငါးမန်းတောင်ဟင်းချိုရောင်းချမှုကို ရပ်ဆိုင်းခဲ့သည်။ ငါးမန်းဆူးတောင်ဟင်းချိုသည် စျေးနှုန်းမြင့်မားပြီး ငွေကြေးချမ်းသာသည့်သူများ၏ မင်္ဂလာပွဲများ၊ ဧည့်ခံပွဲများတွင် တန်ဖိုးရှိ အဓိကဟင်းလျာအဖြစ် တည်ခင်းဧည့်ခံကြကြောင်း သိရသည်။

(ကိုရင်သာဂိ)

အကျိုးကျေးဇူးများလှသည့် ရောဝတီတိုင်းဒေသကြီးမှ ရောဝတီတံတား(ညော

ရောဝတီတံတား(ညောင်တုန်း) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာကြိုဆိုနှုတ်ဆက်ကြစဉ်။

ရောဝတီတံတား(ညောင်တုန်း) ...
၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်က တွေ့...

☆ ရောဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ (၁)နှစ် (၁၀)လ (၂၅)ရက်ဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့သည်။

☆ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အသစ်လက်ထက်တွင် ရှစ်စင်းမြောက်ဖွင့်လှစ်သည့် ပေ(၁၈၀)နှင့်အထက် တံတားဖြစ်သည်။

☆ နှစ်လမ်းမောင်းကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသည့် သံမဏိသံပေါင်တံတားကြီးဖြစ်ပြီး ဗိုလ်မြတ်ထွန်းတံတား၏ အထက်ဘက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

☆ ပင်မတံတားအုတ်မြစ်မှာ ဘိုးပိုင်သံကူကွန်ကရစ် အမျိုးအစား၊ တံတားတိုင်များမှာ သံကူကွန်ကရစ် အမျိုးအစားနှင့် တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။

☆ ပင်မတံတားမှာ ၇၄၀၂ ပေရှည်သည်။ ချဉ်းကပ်တံတား(ကားလမ်း) အနေဖြင့် ပုသိမ်ဘက်ကမ်း ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၁၅၇၅ ပေ စုစုပေါင်း ၃၄၁၂ ပေရှည်သည်။ ချဉ်းကပ်တံတား(ရထားလမ်း)အနေဖြင့် ပုသိမ်ဘက်ကမ်း ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း ၆၆၁၄ ပေ စုစုပေါင်း ၁၃၁၄၃ ပေရှည်သည်။

☆ တံတားတစ်စင်းလုံးအနေဖြင့် ပင်မတံတား+ချဉ်းကပ်ကားလမ်းတံတား အရှည် ၁၀၈၁၄ ပေ၊ ပင်မတံတား+ချဉ်းကပ်ရထားလမ်းတံတား အရှည် ၂၀၅၄၅ ပေရှည်သည်။ ကားလမ်းအကျယ် ၂၈ ပေနှင့် ရထားလမ်းအကျယ် ၁၄ ပေရှိပြီး လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၅၇ ပေရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (၇၅) တန်ဖြစ်သည်။

☆ တိုးတက်များပြားလာသော ခရီးသည်နှင့် ကုန်စည်များသွားလာပို့ဆောင်ရေး ပိုမိုချောမွေ့စေရန်အတွက် ရန်ကုန်(လှိုင်သာယာ)မှ ပုသိမ်၊ ရန်ကုန်(လှိုင်သာယာ)မှ ဇလွန်-ဟင်္သာတ ရထားလမ်းများကို ဖောက်လုပ်ပေးပြီး ယင်းရထားလမ်းများ ဖြတ်သန်းသွားလာရန်အတွက် ရောဝတီတံတား (ညောင်တုန်း)ရှိ ရထားလမ်းနှင့် ကားလမ်းက အထောက်အကူပြုသည်။

☆ ရောဝတီတံတား(ညောင်တုန်း)တွင် ကားလမ်းသာမက မီးရထားလမ်းပါ ပါရှိသဖြင့် မြစ်ကူးချောင်းကူး သက်စွန့်ဆံဖျား သွားလာနေရသည့် ရောဝတီတိုင်းသားတို့အတွက် အကျိုးကျေးဇူးများလှသည်။

☆ ဟင်္သာတ၊ ဇလွန်မြို့တို့မှ တစ်ဆင့် ဤတံတားကြီးကို ဖြတ်သန်းပြီး ပုသိမ်မြို့နှင့် ရန်ကုန်လှိုင်သာယာမြို့တို့ကို မီးရထားဖြင့် စိတ်အေးချမ်းသာစွာသွားလာနိုင်သည်။ ထို့ပြင် ကလေး၊ ပခုက္ကူ၊ ကြံခင်း၊ ဟင်္သာတ ရထားလမ်းပိုင်းနှင့် ဆက်ပြီး ...
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့...
ဖြင့် တစ်ဆက်တစ်စပ်တည်း သွာ...

☆ ရောဝတီတံတား (ညောင်တုန်း)က...
လမ်းပန်းဆက်သွယ်ရေး ပိုမို ကော...
ကျန်းမာရေး၊ လူမှုရေး လိုအပ်ချ...
သာမက တိုင်းရင်းသားစည်းလုံး...
အသုံးဝင်လှသည့်အပြင် တစ်နို...
ဖောက်လုပ်ခဲ့ရာ၌ ယခုရောဝတီ...
ဖြစ်သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်က ရောဝတီတံတား(ညောင်တုန်း) ချဉ်းကပ်တံတား(ကားလမ်း)နှင့် ချဉ်းကပ်တံတား(ရထားလမ်း) ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

"အရင်က ကျွန်တော်တို့ ပုသိမ်ကနေ ...
ရောင်းဝယ်ဖို့ဆိုရင် ရေလမ်းနဲ့ ကားလမ်း...
ရပါတယ်။ အခုလို ကားလမ်းရော၊ မီးရထားလ...
ကုန်စည်သယ်ယူပို့ဆောင်ရေးရော၊ သွားရ...
လာတဲ့အပြင် သွားလာပို့ဆောင်စရိတ်တွေ...

"အခုဆိုရင် ဟင်္သာတကနေ ရန်ကုန်နဲ့...
သွားစရာမလိုဘဲနဲ့ ဒီတံတားကြီးကတစ်ဆင့်...
သွားလာလို့ရတဲ့အတွက် ခရီးသွားရတာ ကြ...
ခရီးကို အချိန်ကုန်သက်သာပြီး လွယ်လွယ်က...
အရမ်းပဲဝမ်းသာပါတယ် ရှင်"

"ကျွန်တော်တို့ဒေသက မြေဩဇာကော...
ထားတဲ့ကောက်ပဲသီးနှံတွေ၊ သားငါးပေါများ...
ရှာဖွေထားတဲ့ သားငါးတွေကို ရောင်းဝယ်...
အတွက် ဒေသခံတွေ စီးပွားရေးကို ချောချော...
အများကြီးဝမ်းသာရပါတယ်။"

[ညော...

အစိုးရအဖွဲ့သစ် လက်ထက် (၈)စင်းမြောက် ဖွင့်လှစ်လိုက်သော ရောဝတီတံတား (ညောင်တုန်း)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ် လက်ထက် (၈)စင်းမြောက် ဖွင့်လှစ်လိုက်သော ရောဝတီတံတား(ညောင်တုန်း)ကို ဤသို့ တွေ့ရသည်။

...တီတံတား(ညောင်တုန်း)

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ဆဲလုပ်ငန်းခွင်ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်က တွေ့ရစဉ်။

ရထားလမ်းပိုင်းနှင့် ဆက်ပြီး ပုသိမ်မြို့နှင့် လှိုင်သာယာမြို့တို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အထိ မိုင် ၇၀၀ခန့် ခရီးကို မီးရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။

☆ ဧရာဝတီတံတား (ညောင်တုန်း)ကို တည်ဆောက်ပေးခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရုံသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပါ အရေးပါ အသုံးဝင်လှသည့်အပြင် တစ်နိုင်ငံလုံး တံတားကွန်ရက်သဖွယ် ဖောက်လုပ်ခဲ့ရာ၌ ယခုဧရာဝတီတံတား(ညောင်တုန်း) အပါအဝင် ဖြစ်သည်။

"အရင်က ကျွန်တော်တို့ ပုသိမ်ကနေ ရန်ကုန်ကို ကုန်စည်တွေ သွားရောက်ရောင်းဝယ်ဖို့ဆိုရင် ရေလမ်းနဲ့ ကားလမ်းကိုသာ အဓိကထားပြီး သွားလာခဲ့ရပါတယ်။ အခုလို ကားလမ်းရော၊ မီးရထားလမ်းပါ ပါတဲ့ တံတားကြီးဖွင့်လှစ်တော့ ကုန်စည်သယ်ယူပို့ဆောင်ရေးရော၊ သွားရလာရတာရော အဆင်ပြေချောမွေ့လာတဲ့အပြင် သွားလာပို့ဆောင်စရိတ်တွေလည်း သက်သာလာပါတယ်"

[ပုသိမ်သား- ဦးထွန်းလွင်]

"အခုဆိုရင် ဟင်္သာတကနေ ရန်ကုန်နဲ့ ပုသိမ်ကို သွားချင်ရင် အဆင့်ဆင့် သွားစရာမလိုဘဲနဲ့ ဒီတံတားကြီးကတစ်ဆင့် မီးရထားနဲ့ တစ်ခါတည်း ဖြတ်သန်းသွားလာလို့ရတဲ့အတွက် ခရီးသွားရတာ ကြန့်ကြာမှုမရှိတော့ဘဲ ကျွန်မတို့ လိုတဲ့ခရီးကို အချိန်ကုန်သက်သာပြီး လွယ်လွယ်ကူကူမြန်မြန်ဆန်ဆန် သွားလာနိုင်လို့ အရမ်းပဲဝမ်းသာပါတယ် ရှင်"

[ဟင်္သာတသူ-မစန်းစန်းထွေး]

"ကျွန်တော်တို့ဒေသက မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေမှာ စိုက်ပျိုးထားတဲ့ကောက်ပဲသီးနှံတွေ၊ သားငါးပေါများတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေကရှာဖွေထားတဲ့ သားငါးတွေကို ရောင်းဝယ်နိုင်ဖို့ အခုလိုတံတားကြီးရှိလာတဲ့အတွက် ဒေသခံတွေ စီးပွားရေးကို ချောချောမွေ့မွေ့ လွယ်လွယ်ကူကူရှာဖွေနိုင်လို့ အများကြီးဝမ်းသာရပါတယ်။"

[ညောင်တုန်းမြို့နယ်သား-ကိုအောင်ဦး]

မင်းလှ - ပိန်းဇလုပ်လမ်းပေါ်တွင် ရဲနွယ်ချောင်းတံတား ဖွင့်လှစ် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်း တိုက်ရိုက်သွားလာနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၈

ရဲနွယ်ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်း မိုင်တိုင်အမှတ်(၁၃/၆)နှင့် (၁၃/၇)ကြားတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) (၇၅)တန်ဖြစ်သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်၌ ဆောင်ရွက်ပြီးစီးသဖြင့် (၁၀)စင်းမြောက် ဖွင့်လှစ်သော ရဲနွယ်ချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အဆင့်၊ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ မင်္ဂလာစည်တော်အဖွဲ့၊ တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဘင်ခရာနှင့်ပန်းဖွား အကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၃၅၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ရဲနွယ်ချောင်းတံတားသည် သံကူကွန်ကရစ်လွန်တူးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားအောက် ရေလမ်း ကင်းလွတ်အကျယ် ၁၀၅ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၀ ပေရှိကြောင်း၊ ဤတံတားကြီးနှင့်အတူ ထူးကဲမိုးရွာသွန်းမှုကြောင့် များပြားလာမည့် ချောင်းရေဖြတ်စီးနိုင်အောင် ချဉ်းကပ်လမ်းပေါ်၌ ပေ ၂၀ ပတ်လည် အကျယ်ရှိ ရေထုတ်ပြွန် တစ်လုံးကို ထည့်သွင်းတည်ဆောက်ပေးထားကြောင်း၊ ရဲနွယ်ချောင်းတံတားကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်လှစ်လိုက်သည့် (၁၀)စင်းမြောက် ပေ ၁၈၀ နှင့်အထက် တံတားကြီးဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း လေးစင်းမြောက် တံတားဖြစ်ကြောင်း။

ရဲနွယ်ချောင်းတံတားကြီးကို ၁၂-၅-၂၀၁၁ ရက်တွင် ပန္နက်တင်၍ စတင်တည်ဆောက်ခဲ့ပြီး အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သော ရဲနွယ်ချောင်းတံတားနှင့် ဆက်စပ်သွားလာနိုင်ရန်အတွက် ရဲနွယ်တံတားမှ မင်းလှဘက်ခြမ်းတွင် ကတ္တရာလမ်း ၁၀ မိုင်နှင့် ရဲနွယ်တံတား၏ ကျွန်းကုန်းဘက်ခြမ်းတွင် ကတ္တရာလမ်း ၁၄ မိုင် စုစုပေါင်း ၂၄ မိုင်ကိုလည်း ကတ္တရာလမ်းအကျယ် ၁၂ ပေ၊ မြေသားလမ်းအကျယ် ၃၄ ပေ၊ တစ်ဖက် မြေသားလမ်း ပခုံး သုံးပေစီ နှစ်ဖက် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းများကိုတည်ဆောက်ရာတွင် လမ်းအမျိုးအစားအလိုက် လမ်းသား Design ကို ပုံစံထုတ်ရာ၌ ယာဉ်များ၏ ဝင်ရိုးအလေးချိန်ကို စံထားပြီး လမ်းသက်တမ်းကို သတ်မှတ်ကာလ လမ်းသားအထူကို တွက်ချက်ပုံစံထုတ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ကုန်ကားကြီးများ၏ စံဝင်ရိုး အလေးချိန်ကို ၁၀ တန် သတ်မှတ်ထားကြောင်း၊ ယင်းအချက်များအပေါ် အခြေခံပြီး ကုန်တင်ယာဉ်များ၏ ရှိရမည့် (ကုန်+ယာဉ်)အလေးချိန်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက သတ်မှတ်ပြီး လိုင်စင်ထုတ်ထားပေးခြင်းဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့ ရဲနွယ်ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ကုန်တင်ယာဉ်များသည် လမ်းများပေါ်တွင် သတ်မှတ်တန်ချိန်အတိုင်းသာ မောင်းနှင်မည်ဆိုပါက ကားလမ်းများသည် သတ်မှတ်သက်တမ်းအထိ ခံနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအား နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာအောင်၊ အမျိုးသားစီးပွားရေး တစ်ရပ်လုံးကို အရှိန်အဟုန်ဖြင့် တိုးတက် မြင့်မားလာအောင်၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူနေမှုအဆင့်အတန်း မြင့်မားခိုင်မာလာအောင် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ စနစ်တကျစီမံကိန်းများချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိအမြင်ပင် ဖြစ်ကြောင်း။

ယခုတံတားကြီး တည်ဆောက်ပေးလိုက်နိုင်သည့်အတွက် ရိုးမမှ ကျွန်းကုန်းအတွင်းရှိ ဒေသခံ ပြည်သူများအတွက် များစွာ အထောက်အကူပြုအကျိုးရှိမည် ဖြစ်ကြောင်း။

မိမိတို့နယ်မြေအတွင်း နိုင်ငံတော်အစိုးရက တံတားတစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများကလည်း တံတားကြီးရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိသည်ကို ပြောကြားလိုကြောင်း။

ထို့အတူ တံတားကြီးဖြစ်မြောက်အောင်မြင်အောင် တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကာယ၊ ဉာဏဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား မြို့ချောင်းကျေးရွာမှ ဦးတင်ငွေက တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ရဲနွယ်ချောင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ရဲနွယ်ချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ပြီး ဖောက်လုပ်ဆဲ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ရိုးမဖြတ်ကျော်လမ်း ဒုတိယလမ်းဖြစ်သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်းပေါ်တွင်တည်ရှိသည်။ တံတားတည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းသို့ အလွယ်တကူတိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန်ကူးလူးသယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရဲနွယ်ချောင်းတံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ပရိတ်တရားတော်
၈း၀၀ ၂။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၅ ၃။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၃၀ ၄။ အဆိုပြိုင်ပွဲ

နေ့လယ်ပိုင်း

၁၁း၃၀ ၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ဂျောင်ဂွန်း" (အပိုင်း-၄၅)**
၁၂း၃၀ ၂။ မြန်မာဗီဒီယို "ထာဝရမြတ်နိုးအပ်သော" ထွန်းထွန်း(နှစ်ကိုယ်ခွဲ)၊ မယ်လိုဒီ(ဒါရိုက်တာ-ဟိန်းစိုး)
၂း၀၀ ၃။ "သက်တံရောင်စဉ်"
၂း၂၅ ၄။ "အမွန်မြတ်ဆုံးလက်ဆောင်"

ညပိုင်း

၄း၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဒဿနိကဗေဒ၊ သမိုင်း၊ပထဝီဝင်၊ စိတ်ပညာ၊အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ အရှေ့တိုင်း ပညာအထူးပြုများ) (ဒဿနိကဗေဒ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၈။ "စိတ်အပန်းဖြေစရာတို့ ချောင်းသာ"
၅း၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၂၀ ၁၀။ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၂၈)
၆း၄၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၉)
၇း၄၅ ၁၂။ "စီမံကိန်းထူးဧရာကူး ပေါ်လွင်ဝင့်ကြွား ညောင်တုန်းတံတား" (အပိုင်း-၂)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ ကာတွန်းအစီအစဉ်
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ" (အပိုင်း-၁၀)

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ်(၁၂၃)ရှိ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီအစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၏ ကျန်းမာရေးမူဝါဒနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး**(ယာပုံ)**ဆွေးနွေးအကြံပြုချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကက(ဆေး)နှင့် မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ကမ္ဘောဇအသင်းလေးပွဲဆက်နိုင်ပွဲယူ လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံတို့ နိုင်ပွဲရ

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် ဇန်နဝါရီ ၂၈

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၄)ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ ပဒုမ္မာကွင်း၊ အောင်ဆန်းကွင်းနှင့် YUSC ကွင်းတို့တွင် ဆက်လက်ကျင်းပသည်။

(ပဒုမ္မာကွင်း)

ကမ္ဘောဇ-တစ်ဂိုး

(လစ်ပီလစ်ပီ-ပယ်နယ်တီ)

ဧရာဝတီယူနိုက်တက်-ဂိုးမရှိ

ရာသီကြို ပြင်ဆင်မှုများစွာပြုလုပ်ထားသည့် ကမ္ဘောဇအသင်းမှာ ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေပြီး လေးပွဲဆက်နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ကျော်ဇင်ထက်၊ ကျော်ဇေယျာဝင်း၊ အေးဆန်း၊ ဟန်ဝင်းအောင်နှင့် နိုင်ငံခြားသားကစားသမားသုံးဦးစလုံးကို ပွဲထုတ်လာသည့် ကမ္ဘောဇအသင်းမှာ ဧရာဝတီကို ခြေအသာဖြင့် မကစားနိုင်သော်လည်း လိုအပ်သည့် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သောကြောင့် အမှတ်ပြည့်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဧရာဝတီအသင်းမှာ သုံးပွဲဆက်တိုက် ပယ်နယ်တီပေးနေရပြီး ယခုပွဲတွင်လည်း ပယ်နယ်တီဂိုးကြောင့်ပင် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ရန်ကုန်နှင့်ပွဲတွင် ပယ်နယ်တီမှ ချေပဂိုးပြန်ပေးခဲ့ရသလို ဇေယျာရွှေမြေနှင့် ယခုကမ္ဘောဇတို့ကို ရှုံးနိမ့်ခဲ့သည့်ပွဲတွင်လည်း ပယ်နယ်တီဂိုးများကြောင့်ပင် ဧရာဝတီတို့ ရှုံးခဲ့ရခြင်းဖြစ်သည်။ ကမ္ဘောဇအတွက် အနိုင်ဂိုး ကို ၂၂ မိနစ်တွင် လစ်ပီလစ်ပီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

ရတနာပုံ-နှစ်ဂိုး

(ပိုင်စိုးနှင့်ကိုနေး)

မနောမြေ-ဂိုးမရှိ

ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် မနောမြေအသင်းမှာ ပထမပိုင်းတွင် ရတနာပုံကို ဖိအားပေးနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် နောက်တန်းအမှားမှ မမျှော်လင့်ဘဲ ဂိုးများပေးလိုက်ရသောကြောင့် ရှုံးသွားရခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာ လေးပွဲတွင် ၁၀ မှတ်ထိ ရယူထားနိုင်ပြီး ထိပ်ဆုံးမှ ကမ္ဘောဇကို နှစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့သည်။ အနိုင်ဂိုးများကို ၅၅ မိနစ်တွင် ပိုင်စိုးနှင့် ၇၁ မိနစ်တွင် ကိုနေးအဒမ်မာတို့က သွင်းယူပေးခဲ့သည်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး

(ကြည်လင်း)

ဟံသာဝတီယူနိုက်တက်-ဂိုးမရှိ

ယနေ့ပွဲ

(YUSC ကွင်း)

မောရဝတီ-ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း)

ဇွဲကပင်-မကွေး

(ပဒုမ္မာကွင်း)

ရက္ခပူရ-Southern

ဧရာဝတီအသင်း၏ ထိုးဖောက်မှုကို ကမ္ဘောဇကိုးသမား ကျော်ဇင်ထက် ကာကွယ်နေစဉ်။

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်စစ်တုရင်အားကစားသမားများ သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၁၂ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံးကစားကွက်ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌက ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ထို့နောက် ပထမနေ့ပြိုင်ပွဲကို စတင်ကျင်းပသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ၁၄၆ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲ၌ အစွမ်းပြပြီးလက်ရည်စစ် အောင်မြင်ကြသော စစ်တုရင်အားကစားသမားများသည် ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာ့ဂေါက်သီးအားကစားသမားများ အောင်နိုင်ရေးအတွက် လက်ရည်စစ်အကြိုပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ည ၇ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့်အား ဆုချီးမြှင့်ပြီး မြန်မာစီနီယာပီဂျီအေဥက္ကဋ္ဌ ဦးစန်းနောင်က စုစုပေါင်း ရိုက်ချက် ၂၈၈ ချက်ဖြင့် ပူးတွဲဒုတိယရရှိသော နေဗလဝင်းမြင့်အား ဆုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က စုစုပေါင်းရိုက်ချက် ၂၈၂ ချက် (6- Under) ဖြင့် ပထမရရှိသော ဇော်ဇော်လတ်အား ဆုကြေးငွေကျပ်သိန်း ၂၀ တန် ချက်လက်မှတ်ကို ချီးမြှင့်ပြီး**(အပေါ်ဝဲပုံ)** ညစာစားပွဲဖြင့် ဂုဏ်ပြု တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရက်ပိုင်းအတွင်း မန်ချက်စတာအသင်းများကို ပညာပေးလိုက်သည့် လီဗာပူး

မန်ချက်စတာ ဇန်နဝါရီ ၂၈

ဇန်နဝါရီ ၂၈ ရက်(စနေနေ့) ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့သော အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက လူစားဝင်လာသူ ကူရစ်၏နောက်ကျဂိုးဖြင့် အနိုင်ရရှိသွားသည်။

အင်္ဂလန်၏ ထိပ်သီးပြိုင်ဘက်များဖြစ်သည့် လီဗာပူးနှင့် မန်ယူတို့သည် ပွဲစကတည်းက တစ်ဖက်နှင့်တစ်ဖက် အမှားမခံဘဲ ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲချိန် ၂၁ မိနစ်တွင် လီဗာပူးအသင်းက အက်ဂါ၏ဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် မန်ယူအသင်းက ပက်ဂျီဆန်၏ဂိုးဖြင့် ချေပဂိုးရသွားပြီး ဤပွဲသရေကျလျှင် မန်ယူအသင်း၏ အိမ်ကွင်းအိုးထရက်စ်ဖို့ဒ်၌ ပြန်လည်ယှဉ်ပြိုင်ကစားရန် အခွင့်အရေးရှိနေသော်လည်း ၆၃ မိနစ်တွင် ကာရေဂါအစား လူစားဝင်လာသူ ကူရစ်၏ပွဲပြီးခါနီး ၈၈ မိနစ်တွင် သွင်းယူလိုက်သည့်ဂိုးကြောင့် မန်ယူအသင်း၏ အက်ဖ်အေဖလား မျှော်လင့်ချက်အိပ်မက် နိဂုံးချုပ်အဆုံးသတ်သွားရပြီဖြစ်သည်။

ရွှန်းနေ၊ နာနီ၊ အက်ရှလေယန်းတို့ မပါဝင်နိုင်သည့် မန်ယူအသင်းသည် ပေါလ်စခိုး၊ ဂစ်၊ အီဗရာ၊ ဗလင်စီယာ၊ ပက်ဂျီဆန်၊ အီဗန်စ်၊ စမောလင်းတို့ဖြင့် ပွဲထွက်လာခဲ့သော်လည်း အက်ဂါ၊ ကာရေဂါ၊ စကာတယ်လ်၊ ဂျရတ်၊ ဒေါင်းနင်း၊ ကာရိုးလ်တို့ ဦးဆောင်လာသည့် လီဗာပူးကိုအနိုင်မယူနိုင်ခဲ့ပေ။ လီဗာပူးအသင်းသည်ပြီးခဲ့သည့်ရက်ပိုင်းက ကာလင်းဖလားပြိုင်ပွဲတွင် မန်စီးတီးအသင်းကို နှစ်ကျော့ပေါင်း ရလဒ် ၃-၂ ဖြင့် အနိုင်ရရှိခဲ့ပြီး ယခုတစ်ဖန် မန်ယူအသင်းအပေါ် ဒုတိယမြောက်အောင်ပွဲခံလိုက်ခြင်းဖြစ်သည်။ (အေဝမ်းစိုး)

မန်ယူအသင်း၏အက်ဖ်အေဖလား မျှော်လင့်ချက်ကို ချိုးဖြတ်ခဲ့သည့် ကူရစ်အား လီဗာပူးနည်းပြ ဂုဏ်ပြုနေစဉ်။

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း ချယ်လ်ဆီးနောက်ခံလူ အဲလက်စ်ကို ခေါ်ယူစာချုပ်

ပါရီ ဇန်နဝါရီ ၂၈

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးအသင်း၏နောက်ခံလူ အဲလက်စ်အား ပေါင်လေးသန်းဖြင့် ခေါ်ယူစာချုပ်နိုင်ခဲ့သည်။

အဲလက်စ်သည် လက်ရှိချယ်လ်ဆီးနည်းပြ အန်ဒရီဗီလာဘိုဖ်လက်ထက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည်။ ယင်းကြောင့် ယခုလက်ရှိ ပီအက်စ်ဂျီနည်းပြသစ် အန်ဆယ်လော့တီက ၎င်း၏တပည့်ဟောင်း အဲလက်စ်ကို အရအမိခေါ်ယူခဲ့ခြင်းဖြစ်သည်။

ယင်းကြောင့် အန်ဆယ်လော့တီခေါ်ယူခဲ့သည့် ဘရာဇီးနိုင်ငံသားကစားသမားများအနက် အဲလက်စ်မှာ သုံးယောက်မြောက်ဖြစ်လာခဲ့သည်။ဘရာဇီးနိုင်ငံသား ကစားသမားများဖြစ်သည့် မက်စ်ဝဲလ်နှင့် နီနီတို့မှာ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိနေပြီးဖြစ်သည်။ (ဟိန်းထက်လင်း)

မန်စီးတီးတွင် တီဗက်ဇ်ဆက်ရှိနေမည်ဟုဆို

မန်ချက်စတာ ဇန်နဝါရီ ၂၈

မန်စီးတီးအသင်းမှ အာဂျင်တီးနားကစားသမား ကားလို့စ်တီဗက်ဇ်သည် ယခုနှစ်ဘောလုံးရာသီကုန်အထိ မန်စီးတီးအသင်းတွင် ဆက်လက်ရှိနေနိုင်ကြောင်း တီဗက်ဇ်၏ အကြံပေးဖြစ်သူက ပြောကြားခဲ့သည်။

အာဂျင်တီးနားနိုင်ငံသား ကားလို့စ်တီဗက်ဇ်သည် ဇန်နဝါရီအပြောင်းအရွှေ့ မပိတ်မီအသင်းမှ အပြီးပြောင်းရွှေ့ရန် မျှော်လင့်ထားသူဖြစ်သည်။ ထို့ကြောင့် အေစီမီလန်၊ အင်တာမီလန်နှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း တီဗက်ဇ်၏ အပြောင်းအရွှေ့ဆိုင်ရာကိစ္စရပ်များတွင် အားလုံးပါဝင်ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

တီဗက်ဇ်သည် ယခုနှစ် နွေရာသီတိုင်အောင် မန်စီးတီးအသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်သော်လည်း မန်စီးတီးအသင်းအနေဖြင့် ၎င်းတို့ကြိုက်ဈေးရရှိပါက ရောင်းချရန် ဆန္ဒရှိနေသည်။

ယင်းသို့ဖြစ်ရခြင်းမှာ တီဗက်ဇ်သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကတည်းက မန်စီးတီးအသင်းတွင် ပါဝင်မကစားနိုင်ခဲ့ခြင်းနှင့် နိုဝင်ဘာလကတည်းက အသင်း၏ ခွင့်ပြုချက်မရရှိဘဲနှင့် အာဂျင်တီးနားသို့ ရောက်ရှိနေခဲ့ခြင်းကြောင့်ဖြစ်သည်။

(နိုင်လင်းကြည်)

မန်စီးတီးတွင် ဆက်ရှိနေမည့် တီဗက်ဇ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

မင်္ဂလာပါတပည့်တို့-

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်ပေးသွားမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။ ပထမဆုံးပြောလိုတာကတော့ ၂၀၀၈-၀၉ စာသင်နှစ်ကစလို့ Grade-11 Biology ဖတ်စာအုပ်အသစ်ရဲ့ အချို့အခန်းတွေမှာ စာအပြောင်းအလဲ အနည်းငယ်ရှိတာကို ၂၀၀၇-၀၈ တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျရှုံးခဲ့ပြီး ယခုစာသင်နှစ်မှာ ဇီဝဗေဒဘာသာရပ်ကိုပဲ ဆက်လက်ယူကြတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ အပြင်ဖြေကျောင်းသား၊ ကျောင်းသူများကို သိစေချင်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ကျောင်းသား၊ ကျောင်းသူများအဓိကသဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလိုလေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုလိုတာကတော့-

၁။ ဇီဝဗေဒဘာသာရပ်ကို Grade-11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်း ကျေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။

၂။ Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွ သေချာစွာကျက်မှတ်ထားရန်။

၃။ သရုပ်ဖော်ပုံများနှင့် ဇယားများကိုလဲ နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့စာတွေဘယ်လောက်ရပြီလဲဆိုတာ ခန့်မှန်းနိုင်ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မေးခွန်းဟောင်းများကို လေ့လာပြီးဖြေဆိုကြည့်ကြဖို့လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှပဲ မေးခွန်းရဲ့ သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့် မေးခွန်းများ ပိုပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လဲ မေးခွန်းအသွားအလာကိုနားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာ မဟုတ်ပါဘူး။

- မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True/False
2. Completion
3. Short Questions (2 Marks each) ပေးပါတယ်။
4. Short Questions (4 Marks each) ပေးပြီး
5. Long Questions (8 Marks each) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ ကြည့်မယ်ဆိုရင်-

မေးခွန်းအမှတ်(၁) True/False အမျိုးအစားမှာ Statements (၂၀)ပါပြီး (1) mark for each statement ပေးထားလို့ စုစုပေါင်း (20 marks) ရပါမယ်။

မေးခွန်းအမှတ်(၂) Completion ကွက်လပ်ဖြည့် အမျိုးအစားမှာ Statements (၂၀)ပါပြီး (1) mark for each statement ပေးထားလို့ စုစုပေါင်း (20 marks) ရပါမယ်။

မေးခွန်းအမှတ်(၃) Short Questions အမျိုးအစားမှာ (2 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (f) ထိ (၆) ပုဒ် ပေးထားပြီး Answer All Question လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ်စလုံး ဖြေဆိုရမယ်။ ဒါကြောင့်စုစုပေါင်း (2 x 6 = 12marks) ရပါတယ်။

မေးခွန်းအမှတ်(၄) Short Questions အမျိုးအစားမှာ (4 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (e) ထိ (၅)ပုဒ် ပေးထားတယ်။ Answer ANY FOUR Question လို့ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ပေးထားတဲ့ အနက် (၄)ပုဒ် ဖြေဆိုရမယ် - ဒါကြောင့်စုစုပေါင်း (4 x 4 = 16 marks) ရပါတယ်။

မေးခွန်းအမှတ်(၅) Long Questions အမျိုးအစားမှာ (8 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (f) ထိ (၆)ပုဒ်ပေးထားတယ်။ ဒီမေးခွန်းအမှတ်(၅)မှာလည်း Answer ANY FOUR Question လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ(၄)ပုဒ်သာ ဖြေဆိုဖို့ လိုအပ်တယ်။ ဒါကြောင့် စုစုပေါင်း (8 x 4 = 32marks) ရပါတယ်။

အမှတ်အရေအတွက်နဲ့ ကြည့်မယ်ဆိုရင် -

မေးခွန်းအမှတ်	No. 1	20 marks	
	No. 2	20 marks	
	No. 3	12 marks	
	No. 4	16 marks	နဲ့
မေးခွန်းအမှတ်	No. 5	32 marks	
စုစုပေါင်း	Total	100 marks	ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ နဲ့ ၂ ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိဘူး။ No. ၃ ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် ၄ နဲ့ ၅ မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများ အဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်။ Chapter ရွေးကျက်တဲ့သူများအဖို့တော့ True/False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် ၄ နဲ့ ၅ ကိုလဲ တော်တော်ကံကောင်းပြီး ကျက်ထားတာတိုးမှဖြေနိုင်မှာပါ။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သင်ရိုးကုန်ကို သဘောပေါက်နားလည်အောင် ကျေညက်စွာကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများ ကတော့ Chapter ၁၂ ခုလုံးကို စေ့စပ်စွာခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter ၁၂ ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကိုလေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုမှ အကြောင်းအရာများကို ဘယ်လိုခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင် –

မေးခွန်းအမှတ် No. 1 TRUE / FALSE (20 marks) ကို ဆင့်ပွားမေးခွန်းငယ် ၂၀ ကို Chapter အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။

Chapter I	မှ မေးခွန်းငယ်	i, ii,	(2 statements)
Chapter II	မှ မေးခွန်းငယ်	iii, iv	(2 statements)
Chapter III	မှ မေးခွန်းငယ်	v	(1 statement)
Chapter IV	မှ မေးခွန်းငယ်	vi, vii	(2 statements)
Chapter V	မှ မေးခွန်းငယ်	viii, ix	(2 statements)
Chapter VI	မှ မေးခွန်းငယ်	x, xi	(2 statements)
Chapter VII	မှ မေးခွန်းငယ်	xii	(1 statement)
Chapter VIII	မှ မေးခွန်းငယ်	xiii, xiv	(2 statements)
Chapter IX	မှ မေးခွန်းငယ်	xv, xvi	(2 statements)
Chapter X	မှ မေးခွန်းငယ်	xvii	(1 statement)
Chapter XI	မှ မေးခွန်းငယ်	xviii, xix	(2 statements) နဲ့
Chapter XII	မှ မေးခွန်းငယ်	xx	(1 statement)

မေးခွန်းအမှတ် No. 2 COMPLETION (20 marks) မှာလည်း ဆင့်ပွားမေးခွန်းငယ် ၂၀ ကို Chapter အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။

Chapter I	မှ မေးခွန်းငယ်	i, ii,	(2 statements)
Chapter II	မှ မေးခွန်းငယ်	iii, iv	(2 statements)
Chapter III	မှ မေးခွန်းငယ်	v	(1 statement)
Chapter IV	မှ မေးခွန်းငယ်	vi, vii	(2 statements)
Chapter V	မှ မေးခွန်းငယ်	viii, ix	(2 statements)
Chapter VI	မှ မေးခွန်းငယ်	x, xi	(2 statements)
Chapter VII	မှ မေးခွန်းငယ်	xii	(1 statement)
Chapter VIII	မှ မေးခွန်းငယ်	xiii, xiv	(2 statements)
Chapter IX	မှ မေးခွန်းငယ်	xv, xvi	(2 statements)
Chapter X	မှ မေးခွန်းငယ်	xvii	(1 statement)
Chapter XI	မှ မေးခွန်းငယ်	xviii, xix	(2 statements)
Chapter XII	မှ မေးခွန်းငယ်	xx	(1 statement)

True/False statements များကို chapter (12) ခုလုံးမှ ပါဝင်အောင်ကောက်နှုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှအပကျန် Chapter များမှ (2) statements စီကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် chapter (8) ခုမှ 2 statements စီ (2x8=16 marks) chapter (4) ခုမှ 1 statement စီ (1 x 4= 4 marks) စုစုပေါင်း (20 marks) အနေနဲ့ chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာ တွေ့ကြပါလိမ့်မယ်။

No. (1) True/False statements များကို ဖြေဆိုဖို့ statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး၊ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထားတာရှိသလို Own Construction နဲ့ ပေးထားတဲ့ statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True/False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True/False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေး ထားတာက ပထမဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာ ကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ မဖြေနိုင်လို့ statement များကို False လို့အားလုံး (သို့မဟုတ်) True လို့ အားလုံးရေးသား ဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့အထဲက ရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်လို့ ကျောင်းသား၊ ကျောင်းသူများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ အဖြေလွှာ စစ်ဆေးသူများအနေနဲ့ အရင်ဆုံးကောက်ချက်ချမှာကတော့ ဒီကျောင်းသား၊ ကျောင်းသူများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီအပြင် အမှတ်ပေး စည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမည်းနဲ့ ဖော်ပြထားလို့ သေသေချာချာ လေ့လာစေချင်ပါတယ်။ No.(2) Completion အမျိုးအစားမှာပါဝင်တဲ့ statement များကို No. 1 True/False statements များမှာလိုပဲ Grade 11 Biology Text ထဲမှာပါတဲ့ chapter (12) ခုလုံးမှ ကောက်နုတ်ခွဲဝေမေးထားပါတယ်။ Completion statement များအတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့ နေရာမှာ မှန်ကန်တဲ့ word ကို spelling မှန်မှန်နဲ့ဖြေဆို ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် spelling များကိုလဲ သတိထားပြီး ရေးသားကျက်မှတ်ကြရပါလိမ့်မယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။

True/False ရွေးချယ်မှုနဲ့ Completion အမျိုးအစားမှာပါတဲ့ statement တိုင်းဟာ Chapter တိုင်းကပါတတ်တာဖြစ်လို့ (၃)ခန်းလောက်လွှတ်ပြီးကျက်လိုက်တာနဲ့ (၁၀)မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

မေးခွန်းအမှတ် No. 3 Answer All Questions (12) Marks

လို့ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ဆင့်ပွားမေးခွန်းငယ်

(a)
(b)
(c)
(d)
(e) နဲ့
(f) ရယ်လို့ (၆)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို(၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့မေးခွန်းအမျိုးအစားပဲဖြစ်ပါတယ်။

ဒီမေးခွန်းအမှတ် No.3 မှာ answer all questions ဆိုပေမယ့် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား၊ ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့်ရှိသေးတယ်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

မေးခွန်းအမှတ် No. 3 (2 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်

a. ကို Chapter I to IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ်
d. ကို Chapter VII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. ကို Chapter IX မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. ကို Chapter XI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XII မှ (၁) ပုဒ်

မေးခွန်းအမှတ် No. 4 (4) marks each မေးခွန်းကို Answer ANY FOUR questions အနေနဲ့ ဆင့်ပွားမေးခွန်းငယ် a to e ထိ (၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ -

မေးခွန်းအမှတ် No. 4 (4 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်

No. 4. a. ကို Chapter I-IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VII မှ (၁) ပုဒ်
d. ကို Chapter VIII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter IX မှ (၁) ပုဒ်
e. ကို Chapter X မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XI မှ (၁) ပုဒ် ၎င်းကို ထပ်ဆင့် OR ခံပြီး
Chapter XII မှ (၁) ပုဒ် မေးထားပါတယ်။

Grade 11 Biology ဖတ်စာအုပ်မှာ

Chapter I – IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်း No.3 မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ် ရွေးချယ်ထားခြင်း ဖြစ်တယ်။

Chapter V မှာတော့-နို့တိုက်သတ္တဝါ (mammal) များအကြောင်းကို အခြေခံရစေဖို့

- Mammals အုပ်စုများ
- Mammals များရဲ့ general characteristics များနဲ့
- The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ့ organ systems များနဲ့ ပြည့်စုံစွာ ဖော်ပြထားတာတွေ့ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်း အခြေခံ (၁)ပုဒ် No. 3 question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XII ပါ အကြောင်းအရာများကတော့ အပင်နဲ့ သတ္တဝါတွေရဲ့ အသက်ရှင်လုပ်ရပ်များ Life processes များကို ပုံစံပြုပူးတွဲဖော်ပြထားပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ chapter XI မှာလဲ မျိုးရိုး ဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုး ဆက်ခံခြင်းကို သဘောပေါက်နားလည်သွားနိုင်ပါတယ်။ Homozygous genotype နဲ့ Heterozygous genotype တို့မှ gametes များထွက်ပေါ်လာပုံ အခြေခံကို နားလည်ထားစေချင်ပါတယ်။

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှု မပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှုပေးထားပါတယ်။

No. 5 Long question (8 marks each) သတ်မှတ်ထားတဲ့ အမျိုးအစား Answer ANY FOUR questions ဖော်ပြထားပြီး a to f (၆) ပုဒ် ပေးထားတာ မေးခွန်းဟောင်းလေ့လာသူများ တွေ့ကြပါလိမ့်မယ်။

မေးခွန်းမှာ Biology text ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ -

No. 5 (8 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်

No.5 a. ကို Chapter I-IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ်
d. ကို Chapter VII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. ကို Chapter IX မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. ကို Chapter XI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XII မှ (၁) ပုဒ် မေးထားတာ တွေ့ရှိပါလိမ့်မယ်။

No. 5 မေးခွန်းမှာလည်း (၆)ပုဒ် မှ (၄)ပုဒ် ရွေးချယ်နိုင်ရုံသာမက (OR) ခံထားတဲ့ ဆင့်ပွားမေးခွန်းငယ်တွေလည်း ပါတာကြောင့် ရွေးချယ်နိုင်ခွင့်ပိုများပါတယ်။

မေးခွန်းခွဲဝေပြီးတော့ ကျောင်းသူ၊ ကျောင်းသားတစ်ယောက်ဟာ

Chapter I to V ပဲ ကျက်မယ်ဆိုရင်၊ မိမိအတွက်ရနိုင်မယ့်အမှတ်ကို ဖော်ပြမယ်။

Chapter I to V ကိုပဲ ကြည့်မယ်ဆိုရင်

မေးခွန်းအမှတ် No. 1 True / False ရဲ့ဆင့်ပွားမေးခွန်းငယ် (i-ix) ထိ ဖြေနိုင်ရင် - (9) marks
မေးခွန်းအမှတ် No. 2 Completion ရဲ့ဆင့်ပွားမေးခွန်းငယ် (i-ix) ထိ ဖြေနိုင်ရင် - (9) marks
မေးခွန်းအမှတ် No. 3 Answer All Questions (2 Marks each) ရဲ့ဆင့်ပွားမေးခွန်းငယ်
(a, b) ကိုဖြေနိုင်ရင် - (4)marks
မေးခွန်းအမှတ် No. 4 Answer ANY FOUR Questions (4 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b) ကိုဖြေနိုင်ရင် - (8) marks
မေးခွန်းအမှတ် No. 5 Answer ANY FOUR Questions (8 Marks each) ရဲ့ဆင့်ပွားမေးခွန်းငယ်
(a, b) ကိုဖြေနိုင်ရင် - (16) marks ရပါမယ်။
ဒါကြောင့် စုစုပေါင်း Total 46 marks ရပါတယ်။

Chapter I to VI အထိပဲ ကျက်ဖို့ရည်မှန်းထားတဲ့ ကျောင်းသား၊ ကျောင်းသူများ အဖို့ကတော့

မေးခွန်းအမှတ် No. 1 True / False ရဲ့ ဆင့်ပွားမေးခွန်းငယ် (i-xi) ထိဖြေနိုင်ရင် – (11)marks
မေးခွန်းအမှတ် No. 2 Completion ရဲ့ ဆင့်ပွားမေးခွန်းငယ် (i-xi) ထိဖြေနိုင်ရင် - (11)marks
မေးခွန်းအမှတ် No. 3 Answer All Questions (2 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b,c) ကိုဖြေနိုင်ရင် - (6)marks
မေးခွန်းအမှတ် No. 4 Answer ANY FOUR Questions (4 Marks each)
ရဲ့ဆင့်ပွားမေးခွန်းငယ် (a, b,c) ကိုဖြေနိုင်ရင် - (12) marks
မေးခွန်းအမှတ် No. 5 Answer ANY FOUR Questions (8 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b,c) ကိုဖြေနိုင်ရင် - (24) marks ရပါမယ်။
ဒါကြောင့် စုစုပေါင်း Total 64 marks ရပါတယ်။

Chapter I to VII အထိသာ ကျက်မှတ်ရန်ရည်မှန်းထားတဲ့ ကျောင်းသား၊ ကျောင်းသူများ အဖို့ကတော့

မေးခွန်းအမှတ် No. 1 True / False ရဲ့ဆင့်ပွားမေးခွန်းငယ် (i-xii) ထိဖြေနိုင်ရင် - (12)marks
မေးခွန်းအမှတ် No. 2 Completion ရဲ့ဆင့်ပွားမေးခွန်းငယ် (i-xii) ထိဖြေနိုင်ရင် - (12)marks
မေးခွန်းအမှတ် No. 3 Answer All Questions (2 Marks each) ရဲ့ဆင့်ပွားမေးခွန်းငယ်
(a, b,c,d) ကိုဖြေနိုင်ရင် - (8)marks
မေးခွန်းအမှတ် No. 4 Answer ANY FOUR Questions (4 Marks each)
ရဲ့ဆင့်ပွားမေးခွန်းငယ် (a, b,c) ကိုဖြေနိုင်ရင် - (12) marks
မေးခွန်းအမှတ် No. 5 Answer ANY FOUR Questions (8 Marks each) ရဲ့ဆင့်ပွားမေးခွန်းငယ်
(a, b,c,d) ကိုဖြေနိုင်ရင် - (32) marks ရပါမယ်။
ဒါကြောင့် စုစုပေါင်း Total 76 marks ရပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် မိမိ ဖြေချင်တာကို ရွေးချယ်နိုင်တဲ့အခွင့်အလမ်းလဲပိုများတာ တွေ့ရပါလိမ့်မယ်။

အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မရှိအောင် ဘယ်လိုဖြေဆိုသင့်တယ် ဆိုတာ အကြံပြုသွားပါ့မယ်-

မေးခွန်းအမှတ် No.1. True/False နှင့် မေးခွန်းအမှတ် No 2. Completion မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ် အမှတ် (i. မှ x.) ကို အပေါ်မှအောက်သို့ လည်းကောင်း၊ ဆင့်ပွားမေးခွန်းငယ် xi. ကို i. ၏ ဘေးစာမျက်နှာ အလယ်မှရေးပြီး အောက်သို့ ဆက်တိုက် xx. ထိ အဖြေလွှာစာအုပ်ပေါ်တွင် ရေးထားလိုက်ပါ။ ဒီလိုရေးခြင်းအားဖြင့် နံပါတ်မှားတပ်ခြင်း မရှိတော့ဘဲ အမှားနည်းနိုင်ပါတယ်။

i. xi.
ii. xii.
iii. xiii.
iv. xiv.
v. xv.
vi. xvi.
vii. xvii.
viii. xviii.
ix. xix.
x. xx.

ဒီလိုရေးချပြီးမှ Statement များကိုသေချာစွာ ဖတ်ရှုပြီး မိမိအနေနှင့်သေချာသော အဖြေများကို သက်ဆိုင်ရာနံပါတ်နံဘေးတွင် ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကိုချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကိုဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့အဖြေကို ပြန်လည် စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

No 3, 4 နှင့် 5 များမှာ (a,b,c,d,e,f) စသည်တို့ဖြင့်ပေးထားသော မေးခွန်းများဖြေဆိုတဲ့ အခါ (a,b,c,d,e,f) အထဲမှမိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကိုအရင်ဆုံးစဖြေပါ။ အဖြေ၏ နံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန်လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ ဒီလိုပဲ (a) ဖြေထားပြီးရင်လည်း (c) လို့ မတပ်မိဖို့အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State/ Define/Explain/ Describe/Clarify/Name/List/Enumerate နဲ့ Differentiate ဆိုတဲ့စကားလုံးမျိုးတွေ ကိုသုံးပြီး မေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့မေးလေ့ရှိပြီး Provide labels to the given diagram and state ---------- လို့မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့်အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေခြင်ပါတယ်။

Give labeled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာ ဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျောင်းသား၊ ကျောင်းသူတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာ သိကောင်းစရာဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

အထက(၄)၊ တောင်ဥက္ကလာ အာစရိယပူဇော်ပွဲကျင်းပမည်

အာစရိယပူဇော်ပွဲကို ၅-၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ ၁၂နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အပူဇော်ခံဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများသည် ဖိတ်စာရရှိ/မရရှိသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန်နှင့် ဆက်သွယ်လျှုဒါန်းလိုပါက ဒေါ်ခင်တီ ဖုန်း-၅၀၃၄၃၁၊ ဦးမျိုးလွင် ဖုန်း-၀၉-၈၆၂၇၇၂၇၊ဒေါ်ခင်ဌေးမြင့် ဖုန်း-၀၉-၅၀၃၂၇၇၉၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၅၀၆၂၄၈၉၊ ဒေါ်ခင်ဝေကြည်(ထ-၄) ဖုန်း-၅၆၅၁၂၁၊ ဦးထွန်းဝေ ဖုန်း-၀၉-၄၉၃၁၉၅၁၆၊ ကိုညီမင်း ဖုန်း-၀၉-၇၃၀၉၆၀၆၈၊ ကိုဝဏ္ဏစိုး ဖုန်း-၀၉-၇၃၀၀ ၄၅၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျောင်းသား/ကျောင်းသူဟောင်းများ
အ. ထ. က(၄)၊တောင်ဥက္ကလာပမြို့နယ်



နတ်တလင်းအသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၅-၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ်းမှာရုံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးသည့် အောင်သီရိကျေးရွာဖွင့်ပွဲနှင့် အောင်သီရိဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇော ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သီရိကျေးရွာ၌ ကျင်းပသော အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးသည့် အောင်သီရိကျေးရွာဖွင့်ပွဲနှင့် အောင်သီရိဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇော ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးက အောင်သီရိကျေးရွာ တည်ဆောက်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်သီရိဖောင်ဒေးရှင်း အမှုဆောင် ဦးဇော်မိုးဝင်းက ကျေးရွာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်လွင်ထံ ပေးအပ်သည်။

ယင်းနောက် ကျေးရွာပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးတင်ဦးက ကျေးရွာတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးနှင့် နေပြည်တော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဖွဲ့ဝင် ဦးကျော်ဌေးတို့က အောင်သီရိကျေးရွာ မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အောင်သီရိကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းမြင့်နိုင်၊ ဦးအုန်းကျော်နှင့် ဦးခင်မောင်အေးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာကျေးလက် ကျန်းမာရေးဌာနခွဲဆေးခန်းဆိုင်းဘုတ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျေးရွာလမ်းမကြီး၊ ချောင်းကူးတံတားနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် လဟာပြင်ဈေး ဈေးဆိုင်ခန်းများနှင့် ငါးခန်းတွဲဈေးဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အောင်သီရိဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် အောင်သီရိဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇော အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဝဲကြီးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စဝံသထံမှ ဒုတိယသမ္မတနှင့်ဇနီး၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အောင်သီရိကျေးရွာ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ရဲနွယ်ချောင်းတံတားဖွင့်လှစ်

❝ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် (၁၀) စင်းမြောက် တံတားဖြစ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းသို့ အလွယ်တကူ တိုက်ရိုက်သွားလာနိုင်မည်❞

ပြည်တွင်းသတင်း စာမျက်နှာ ၉

ဘလက်ဘန်းအသင်း ဒေးဗစ်ဒန်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆို

လန်ဒန် ဇန်နဝါရီ ၂၈

ဘလက်ဘန်းအသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား ဒေးဗစ်ဒန်းနှင့် သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ ယင်းကြောင့် ဒေးဗစ်ဒန်းသည် ၂၀၁၃ ခုနှစ်အထိ ဘလက်ဘန်းအသင်းတွင် ရှိနေမည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ် ဒေးဗစ်ဒန်းသည် ဘာမင်ဂမ်အသင်းတွင် လေးနှစ် သွားရောက်ကစားခဲ့သည်ကလွဲ၍ ကျန်သည့်ကာလတစ်လျှောက်တွင် ဘလက်ဘန်းအသင်း၌သာ ကစားခဲ့သူဖြစ်သည်။

ဘလက်ဘန်းနည်းပြ စတီဗီကင်းက ဒေးဗစ်မှာ ယခုအချိန်အထိ ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရှိနေသေးကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ၎င်း၏ကစားပုံမှာ အထူးကောင်းမွန်ခဲ့သည့်အတွက် ယခုကဲ့သို့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေးဗစ်ဒန်းသည် ၂၀၀၃ ခုနှစ်တွင် ဘလက်ဘန်းမှ ဘာမင်ဂမ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ လတွင် ဘလက်ဘန်းအသင်းသို့ ပြန်လည်ခြေချခဲ့သည်။ ၎င်းသည် ဘလက်ဘန်းအတွက် ၃၁၃ ပွဲ ကစားပေးထားပြီး ၅၃ ဂိုး သွင်းယူနိုင်ခဲ့သည်။ ***အင်တာနက်။***

နိုင်ငံတကာ အားကစား

ဘလက်ဘန်းအသင်းနှင့် သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့သည့် ကွင်းလယ်ကစားသမား ဒေးဗစ်ဒန်း။

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြထားပါသည်။